မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်၊ ၂၀၀၈ ခုနှစ်၊ နိုဝင်ဘာ ၁၅ ရက်၊ စနေနေ့၊ အတွဲ(၄၈)၊ အမှတ်(၄၆)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မိမိတို့လက်ထက်၌ တိုင်းပြည်အတွက်အခြေခံကျသော အခြေခံကောင်းများကို ဘက်စုံကဏ္ဍစုံမှ ထူထောင်ပေးခြင်းဖြင့် နောင်လာနောက်သားများအတွက် အခြေခံ၊ အမွေခံကောင်းများ ရရှိစေပြီး တိုင်းပြည် ဖွံ့ဖြိုးရေးကို ဆက်လက်သယ်ပိုး ဆောင်ရွက်သွားနိုင်မှာဖြစ်။

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၀၈) ညှိနှိုင်းအစည်းအဝေးတွင် မှာကြားလမ်းညွှန်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးရေးသာမက နောင်လာနောက်သားများ အကျိုးရှိစေရေး အခြေခံကောင်းဖြစ်စေမည့် စီမံကိန်းများကို ရွေးချယ်အကောင်အထည်ဖော်လျက်ရှိ

ယခုအခါ အထူးစီမံကိန်းအများအပြား အကောင်အထည်ဖော်ပြီးစီး ပေါ်ထွက်လာခဲ့ပြီဖြစ် စီမံကိန်းများ၏ အကျိုးသက်ရောက်မှုများကို ပြည်သူများအနေဖြင့် လက်တွေ့ခံစားနေကြရပြီ

နေပြည်တော် နိုဝင်ဘာ ၁၄

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၀၈) ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ဆင်ရေးအစည်းအဝေးခန်းမ၌ ကျင်းပရာ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ လိုအပ်သည်များ မှာကြားလမ်းညွှန်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ✳

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် နိုဝင်ဘာ ၁၅ ရက်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မြှင့်တင်ရေး ပြည်သူများ အသိစိတ်ဓာတ်ရှိရှိ ဝိုင်းဝန်းပါဝင်ဆောင်ရွက်

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ စတုတ္ထအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမြှင့်တင်ရေး အသိပညာပေး ပြပွဲ၊ ပြိုင်ပွဲနှင့်ဆုပေးပွဲကို နိုဝင်ဘာ ၁၀ရက်မှ ၁၆ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ကျင်းပလျက်ရှိသည်။

ပြပွဲကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ဦးတည်ရန်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး၌ ယာဉ်စည်းကမ်းကို ယာဉ်များအပြင် ခြေကျင်သွားသူများပါလိုက်နာရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မြန်မာနိုင်ငံတွင် ယာဉ်သုံးစွဲမှု များပြားလာခဲ့သည်။ မော်တော်ယာဉ်သုံးစွဲမှု များပြားလာသည်နှင့်အမျှ ယာဉ်နှင့်လမ်းစည်းကမ်းများကို ယာဉ်မောင်းသူများက ချိုးဖောက်မှုများရှိခဲ့သည်။

ယာဉ်တစ်စီးနှင့်တစ်စီး အပြိုင်မောင်းနှင်ခြင်း၊ ယာဉ်ကြောလမ်း မှားယွင်းစွာမောင်းနှင်ခြင်း၊ ယာဉ်လမ်းကြောင်း ပိတ်ဆို့ရပ်တန့်ခြင်းများကို ယာဉ်မောင်းသူများ သတိပြုရှောင်ကြဉ်ကြရမည် ဖြစ်သည်။

ယာဉ်မတော်တဆမှု ဖြစ်ပွားရသည့်အကြောင်းရင်းများတွင် မဆင်မခြင်မောင်းနှင်မှု၊ အရှိန်ပြင်းစွာမောင်းနှင်မှု၊ ခရီးသည်ပေါ့ဆမှု၊ လမ်းကူးသူပေါ့ဆမှု၊ အနေးယာဉ်ကြောင့်ဖြစ်ပွားမှု၊ ယာဉ်မောင်းမကျွမ်းကျင်မှု၊ ယာဉ်မောင်းလိုင်စင်မရှိမှု၊ စက်ကိရိယာချွတ်ယွင်းမှု၊ အရက်သေစာသောက်စားပြီး မောင်းနှင်မှု စသည်တို့ ပါဝင်သည်။

ယာဉ်မတော်တဆမှုများ မဖြစ်ပွားစေရေးနှင့် လျော့နည်းကျဆင်းစေရေးတို့အတွက် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီအနေဖြင့် နည်းလမ်းများချမှတ်ဆောင်ရွက်ခဲ့ရာ အသိပညာပေးပိုင်းကို ဆောင်ရွက်ရာ၌ ကျောင်းသားကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရန် သင်တန်းများပို့ချခြင်း၊ ဟောပြောပွဲများကျင်းပခြင်း၊ ပြပွဲ၊ ပြိုင်ပွဲများကျင်းပ၍ ဆုချီးမြှင့်ပွဲများ ပြုလုပ်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမြှင့်တင်ရေး အသိပညာပေးပြပွဲများမှတစ်ဆင့် ပြည်သူများအတွက် အသိပညာဗဟုသုတများ ရရှိနိုင်သကဲ့သို့ ယာဉ်အန္တရာယ်ကြောင့် ဆုံးရှုံးမှုများ မဖြစ်စေရေးအတွက် ပြည်သူများအပိုင်းကပါ အသိစိတ်ဓာတ်ရှိရှိ ဝိုင်းဝန်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV- 4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၁၁-၂၀၀၈ရက် (စနေနေ့)

AM & PM

၇:၀၀-၁:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅ **ကြောက်မက်ဖွယ်ရာ ဤခန္ဓာ** တရားတော် (မြောက်ဦးဆရာတော် အရှင်ဝါယာမိန္ဒ)
၇:၅၀-၁:၅၀ ဆီထွက်သီးနှံများထဲမှ ''ဆီအုန်း''
၈:၀၅-၂:၀၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၈:၃၀-၂:၃၀ Estrogen မှ Functional Cosmetics ဆီသို့
၈:၅၅-၂:၅၅ တစ်ပတ်အတွင်း အားကစားသတင်း
၉:၁၀-၃:၁၀ ပြည်တွင်းသတင်းအကျဉ်း
၉:၂၀-၃:၂၀ MRTV-4 စာအုပ်စင်ကဏ္ဍ (ဒေါက်တာဒဂုန်နှင့်တွေ့ဆုံခြင်း)
၉:၅၀-၃:၅၀ နိုင်ငံတကာ သတင်းအကျဉ်း
၉:၅၅-၃:၅၅ လုပဝင့်ထည် မြန်မာ့ကြိမ်ထည်
၁၀:၁၅-၄:၁၅ မိုးလေဝသခန့်မှန်းချက်
၁၀:၂၀-၄:၂၀ IT Talk (IT for Engineering)
၁၁:၀၅-၅:၀၅ တေးဂီတအစီအစဉ်
၁၁:၁၀-၅:၁၀ ပြည်တွင်းသတင်းအကျဉ်း
၁၁:၂၀-၅:၂၀ Activities in the City (Romanson Live Show ရိုက်ကူးခြင်း)
၁၁:၃၅-၅:၃၅ တေးဂီတအစီအစဉ်
၁၁:၄၀-၅:၄၀ နိုင်ငံတကာ သတင်းအကျဉ်း
၁၁:၄၅-၅:၄၅ မြန်မာ့လက်မှုပညာ ကနုကမာ
၁၂:၀၀-၆:၀၀ ဆီးချို၊သွေးချိုရောဂါဆိုင်ရာ ဆွေးနွေးမေးမြန်းခန်း (ဒုတိယပိုင်း) (ပါမောက္ခဒေါက်တာ တင့်ဆွေလတ်)
၁၂:၂၅-၆:၂၅ သွားမယ်စားမယ် (The Thiripyitsaya SKY BISTRO)
၁၂:၄၅-၆:၄၅ မီကို၏ တတိယအကြိမ် ကံထူးရှင်များ ရွေးချယ်ချီးမြှင့်ပွဲ
၁၂:၅၅-၆:၅၅ တေးဂီတအစီအစဉ်
၁:၀၀-၇:၀၀ MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၁၀	Bolton-Liverpool	ESPN (Live)
၉:၂၅	Arsenal -Aston Villa	ESPN (Live)
	Man Utd-Stoke City	STAR SPORTS(Live)
၁၁:၅၅	West Brom-Chelsea	STAR SPORTS(Live)
	West Ham-Portsmouth	ESPN (SDD)

မြဝတီရုပ်မြင်သံကြား

၁၅-၁၁-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၂၅ ၄။ ကျန်းမာသုတ
၁၂:၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **အိပ်မက်သခင်**(လူမင်း၊နန္ဒာလှိုင်)
၁၃:၅၀ ၆။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ့
၄:၁၅ ၄။ မြန်မာသံစဉ်ချိုနှားဝင်
၄:၂၀ ၅။ မျိုးချစ်တပ်မတော်
၄:၃၀ ၆။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၅:၀၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၂၀ ၈။ ပျော်ရွှင်စရာ သရုပ်ဆောင်ကဏ္ဍ
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၂။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
၆:၄၅ ၁၃။ လျှပ်တစ်ပြက်
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံယောဇဉ်နှောင်ကြိုး** (အပိုင်း-၂၃)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ လူရွှင်တော်ရွှေဖလား
၁၉။ အင်္ဂလိပ်စာသုတ (English Usage)
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငါးကလေး** (အပိုင်း-၇)

အာဖဂန်နစ္စတန် နန်ဂါဟာပြည်နယ်၌ ဖောက်ခွဲတိုက်ခိုက် ဒေသခံပြည်သူ ၁၉ဦးသေဆုံး၊ အများအပြားဒဏ်ရာရရှိခဲ့

ကဘူးလ် နိုဝင်ဘာ ၁၄

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း နန်ဂါဟာပြည်နယ်၌ နိုဝင်ဘာ ၁၃ရက် နံနက်ပိုင်းက အမေရိကန်ဦးဆောင်သည့် နိုင်ငံစုံတပ်ဖွဲ့ စီးနင်းလိုက်ပါလာသော ယာဉ်တန်းကို အသေခံကားဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးနှင့် ဒေသခံပြည်သူ ၁၈ဦး စုစုပေါင်း ၁၉ဦးသေဆုံးခဲ့ပြီး ၇၄ဦးဒဏ်ရာရရှိခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ထုတ်ဖော်ပြောကြား

အဆိုပါဖြစ်ရပ်သည် ယင်းနေ့ ဒေသစံတော်ချိန် နံနက်၇နာရီမိနစ်၄၀က နန်ဂါဟာပြည်နယ် ဂျာလာလာဘက်ဒ်-တော်ခမ် အဝေးပြေးလမ်းမကြီးပေါ်ရှိ ဘာတီကော့ထ်ခရိုင် လူစည်ကားရာ ဈေးတစ်ဈေးအနီး၌ လူတစ်ဦးက ဖောက်ခွဲရေးပစ္စည်းများအပြည့်တင်ဆောင်လာသောကားဖြင့် နိုင်ငံစုံတပ်ဖွဲ့ ယာဉ်တန်းဆီသို့ အတင်းမောင်းဝင်တိုက်ခိုက်ခဲ့ရာမှ အဆိုပါဖြစ်ရပ် ဖြစ်ပွားခဲ့ကြောင်း၊ သေဆုံးသူ အရပ်သား ၁၈ဦးအနက် ခုနစ်ဦးမှာ နေရာတွင်ပင် ပွဲချင်းပြီးသေဆုံးခဲ့ကြောင်း၊ ဒေသခံပြည်သူ ၇၄ဦးမှာလည်း ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်ရဲအကြီးအကဲ ဆက်ဒ်အဗ္ဗဒူလ်ဂါဖာက မီဒီယာများသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

ဝင်ရောက်တိုက်ခိုက်

ယင်းနေ့ နှောင်းပိုင်းက နန်ဂါဟာပြည်နယ် ဘာတီကော့ထ်ခရိုင်ရှိ သားငါးဈေး ဧရိယာအတွင်း ဖြတ်သန်းနေသော နိုင်ငံစုံတပ်ဖွဲ့ ယာဉ်တန်းအား အသေခံဗုံးခွဲသမားက တိုယိုတာကိုရိုလာကားကို အသုံးပြု၍ ဝင်ရောက်တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးနှင့် အရပ်သား ၁၈ဦး သေဆုံးခဲ့ကြောင်း နိုင်ငံစုံတပ်ဖွဲ့က အတည်ပြု သတင်းထုတ်ပြန်ခဲ့သည်။

ဖော်ပြ

အာဖဂန်နစ္စတန်ရဲတပ်ဖွဲ့သည် အခင်းဖြစ်ပွားရာအရပ်ကိုထိန်းသိမ်းထားပြီး အသေအပျောက်ဖြစ်ခဲ့မှုများအတွက် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်းလည်း ယင်းသတင်းထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြသည်။

ဖြစ်ပွား

ယခုဖြစ်ရပ်သည် လွန်ခဲ့သော ၂၄နာရီအတွင်း ဒုတိယကားဗုံးခွဲ တိုက်ခိုက်မှုဖြစ်သည်။ ယင်းဖြစ်ရပ်မတိုင်မီ အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာစီးတီး၌ နိုဝင်ဘာ ၁၂ရက်က ကားဗုံးခွဲ တိုက်ခိုက်မှုကြောင့် ခြောက်ဦးသေဆုံးပြီး ၄၂ဦးဒဏ်ရာရရှိခဲ့သော ပထမကားဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်။

စစ်ကြောင့် ကြေမွ ပျက်စီးနေသည့် အာဖဂန်နစ္စတန်နိုင်ငံ၌ အာဖဂန်တပ်ဖွဲ့ဝင်များနှင့် နိုင်ငံစုံတပ်ဖွဲ့ဝင်များကို တိုက်ခိုက်လျက်ရှိသော လက်နက်ကိုင် တိုက်ခိုက်ရေးသမားများက ယင်းအသေခံ ဗုံးခွဲတိုက်ခိုက်မှုနှစ်ရပ်စလုံးသည် ၄င်းတို့၏ လက်ချက်ဖြစ်ကြောင်း အခိုင်အမာ ထုတ်ဖော်ပြောကြားခဲ့သည်။

(အင်တာနက်)

အာဖဂန်နစ္စတန်နိုင်ငံ နန်ဂါဟာပြည်နယ် ဂျာလာလာဘက်ဒ်-တော်ခမ် အဝေးပြေးလမ်းမကြီးပေါ်ရှိ ဘာတီကော့ထ်ခရိုင် ဈေးအနီး၌ အသေခံဖောက်ခွဲတိုက်ခိုက်မှု နိုဝင်ဘာ ၁၃ရက်က ဖြစ်ပွားခဲ့စဉ်။ (အင်တာနက်ဓာတ်ပုံ)

ဟေတီမြို့တော်၌ စာသင်ကျောင်းထပ်မံပြိုကျ

မက္ကဆီကိုစီးတီး နိုဝင်ဘာ ၁၄

ဟေတီနိုင်ငံမြို့တော် ပို့အော်ပရင့်၌ နိုဝင်ဘာ၁၃ရက်က စာသင်ကျောင်း တစ်ကျောင်း ပြိုကျမှုဖြစ်ပွားရာ ကျောင်းသားရှစ်ဦး ဒဏ်ရာရရှိသွားကြောင်း ဟေတီနိုင်ငံမှ ပညာရေးဆိုင်ရာအရာရှိများက ပြောကြားသည်။

ပြီးခဲ့သည့် ရက်အနည်းငယ်က စာသင်ကျောင်းတစ်ကျောင်း ပြိုကျမှု ဖြစ်ပွားခဲ့ပြီးနောက် ယခုစာသင်ကျောင်းမှာ ထပ်မံပြိုကျခြင်း ဖြစ်သည်။

ပြိုကျသည့် စာသင်ကျောင်းမှာ နှစ်ထပ်စာသင်ကျောင်းဖြစ်ပြီး ကျောင်းသား ၁၀၀ ကျော် စာသင်ကြားနေသော ကျောင်းတစ်ကျောင်းလည်းဖြစ်သည်။ တည်ဆောက်မှုအရည်အသွေး နိမ့်ကျမှုကြောင့် ယခုကဲ့သို့ ပြိုကျခြင်းဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်း ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

အမှတ်(၂) စက်မှုဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

* ရှေ့ဖုံးမှ

တက်ရောက်

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ အတွင်းရေးမှူး နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ အဖွဲ့ဝင်များဖြစ်ကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းက အခမ်းအနားမှူးအဖြစ်ဆောင်ရွက်သည်။

စိစစ်သုံးသပ်

ညှိနှိုင်းအစည်းအဝေးတွင် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မှာကြားလမ်းညွှန်ရာ၌ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းလုပ်ငန်းကြီးများကို စိစစ်သုံးသပ် ခွင့်ပြုဆောင်ရွက်နိုင်ရန် ယနေ့ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း။

ပုံမှန်လုပ်ရိုးလုပ်စဉ်အတိုင်းဆိုလျှင် စီမံကိန်းလုပ်ငန်းများကို အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနက တာဝန်ယူတည်ဆောက်ရမှာဖြစ်ကြောင်း၊ သို့ရာတွင် ခေတ်နောက်ကျနေသော နိုင်ငံတော်ကို မိမိတို့လက်ထက် တာဝန်ယူ တည်ဆောက်ထူထောင်ရာ၌ သာမန်လုပ်ရိုးလုပ်စဉ် သဘောမျိုး လုပ်ကိုင်ဆောင်ရွက်နေ၍ မဖြစ်ဘဲ နိုင်ငံတော်အတွက် အကျိုးရှိမည့် အထူးစီမံကိန်းကြီးများကို မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ရန် လိုအပ်လာကြောင်း၊ အထူးစီမံကိန်းများမှာလည်း သုံးစွဲရသည့်ငွေကြေးပမာဏအရ များပြားသကဲ့သို့ လုပ်ငန်းပမာဏအရလည်း ကြီးမားသည့်အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ပူးပေါင်းပါဝင်သော အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ကို ဖွဲ့စည်း၍ စီမံကိန်းလုပ်ငန်းများကို စိစစ်ရွေးချယ်ခွင့်ပြု ပေါင်းစပ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

လက်တွေ့ခံစား

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက နောင်လာနောက်သားမျိုးဆက်သစ်များ အကျိုးရှိစေရေးအတွက် အခြေခံကောင်းဖြစ်စေမည့် စီမံကိန်းများကို ရွေးချယ်အကောင်အထည်ဖော်လျက်ရှိရာ ယခုအခါ အထူးစီမံကိန်းအများအပြားမှာ ပြီးစီးပေါ်ထွက်လာခဲ့ပြီဖြစ်၍ စီမံကိန်းများ၏ အကျိုးသက်ရောက်မှုများကို ပြည်သူများအနေဖြင့် လက်တွေ့ခံစားနေရပြီဖြစ်ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်၏တာဝန်များကို စတင်ယူချိန်၌ နိုင်ငံတော်နှင့် ပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေသည့် အခြေခံကျသောစီမံကိန်း လုပ်ငန်းအနည်းစုကိုသာ အကောင်အထည်ဖော်ထားသည့် အခြေအနေကို အမွေဆက်ခံခဲ့ရပါကြောင်း၊ စိုက်ပျိုးရေရရှိရေးစီမံကိန်းဆိုလျှင် အညာဒေသ၌ အနည်းငယ်သာရှိပြီး အောက်မြန်မာပြည်၌ မရှိသလောက်ပင်ဖြစ်ကြောင်း၊ ယခုမိမိတို့လက်ထက်၌ အထက်မြန်မာပြည်ရော အောက်မြန်မာပြည်၌ပါ ဆည်တမံရေရရှိရေးလုပ်ငန်းများကို ဖိဖိစီးစီး တည်ဆောက်ထူထောင်ခဲ့သည်မှာ ယခုဆိုလျှင် ဆည်တမံလုပ်ငန်း ၂၁၆ခု၊ မြစ်ရေတင်စီမံကိန်း ၃၂၂ခုရှိပြီဖြစ်ရာ စိုက်ပျိုးသီးနှံများကို တစ်သီးစားစိုက်ပျိုးရာမှ နှစ်သီး၊ သုံးသီး သီးထပ်စိုက်ပျိုးနိုင်သဖြင့် တောင်သူလယ်သမားများ၏ ဝင်ငွေများတိုးတက်လာပြီး လူနေမှုအဆင့်အတန်း မြင့်မားလာလျက်ရှိသည်မှာ လက်တွေ့ဖြစ်ကြောင်း။

အားပေးပျိုးထောင်

အလားတူပင် စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံပိုင်စက်ရုံကြီးများကို တည်ဆောက်လျက်ရှိသကဲ့သို့ စက်မှုဇုန် ၁၈ဇုန် ထူထောင်ပြီး ပုဂ္ဂလိကစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာအောင် ခွင့်ပြုအားပေး ပျိုးထောင်လျက်ရှိကြောင်း။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို အဓိကအထောက်အကူပြုသည့် လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးစီမံကိန်းများကိုလည်း တစ်ပြိုင်တည်း အကောင်အထည်ဖော်တည်ဆောက်လျက်ရှိရာ ယခင်က စက်တပ်ဆင်အင်အားအရ ရေအားလျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၀၀ကျော်သာရှိရာမှ ယခုအခါ ရေအားလျှပ်စစ်မဂ္ဂါဝပ် ၉၀၀ခန့်အထိ တိုးတက်ဖြစ်ပေါ်လျက်ရှိပြီး ဆက်လက် အကောင်အထည်ဖော်လျက်ရှိသော ရေအားလျှပ်စစ်စီမံကိန်းကြီး အများစုမှာ တစ်နှစ်ပြီး တစ်နှစ် ပြီးစီးသွားမှာဖြစ်ကြောင်း။

ကွန်ရက်ပမာ

ထို့အတူ ကုန်စည်များကို ဒေသတစ်ခုမှတစ်ခုသို့ သယ်ယူပို့ဆောင်ရေး၊ တိုင်းရင်းသားပြည်သူများ သွားလာဆက်သွယ်မှု လွယ်ကူပြီး အချင်းချင်း ချစ်ကြည်ရင်းနှီးမှု တိုးတက်ရေး၊ ဒေသအသီးသီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကားလမ်း၊ ရထားလမ်းနှင့် တံတားများကို ကွန်ရက်ပမာ လက်ယှက်ထိုး ပေါ်ထွက်လာစေရန် ခွင့်ပြုတည်ဆောက်လျက်ရှိကြောင်း။

နိုင်ငံတော်၏ ရေမြေသယံဇာတများကို အကျိုးရှိရှိ အသုံးပြုနိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်နည်းတူ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး၊ ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ရေးအတွက် နိုင်ငံတော်၏ အချက်အချာဒေသများ၌ လိုအပ်သော တက္ကသိုလ်၊ ကောလိပ်များကို ထူထောင်ပေးခဲ့ပြီးဖြစ်ကြောင်း။

ပြောင်းလဲတိုးတက်

ဤသည်မှာ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ကို ဖွဲ့စည်း၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီး၍ အခြေခံကျသော စီမံကိန်းကြီးများကို ညှိနှိုင်းပေါင်းစပ် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကြောင်း၊ အကောင်အထည်ဖော်ပြီးသော စီမံကိန်းများကြောင့် ပြည်သူများ၏ လူနေမှုဘဝမှာ ပြောင်းလဲတိုးတက်လာလျက်ရှိကြောင်း။

မိမိတို့လက်ထက်၌ တိုင်းပြည်အတွက် အခြေခံကျသော အခြေခံကောင်းများကို ဘက်စုံကဏ္ဍစုံမှ ထူထောင်ပေးခြင်းဖြင့် နောင်လာနောက်သားများအတွက် အခြေခံ အမွေခံကောင်းများရရှိစေပြီး တိုင်းပြည်ဖွံ့ဖြိုးရေးကို ဆက်လက်သယ်ပိုးဆောင်ရွက်သွားနိုင်မှာဖြစ်ကြောင်း။

ရင်ပေါင်တန်း

ယင်းအသိစိတ်ဓာတ်ဖြင့် မိမိတို့အားလုံး ကြိုးပမ်းအားထုတ်လုပ်ကိုင်သွားမည်ဆိုပါက မိမိတို့ပြည်သူများ၏ လူနေမှုဘဝမြင့်မားတိုးတက်လာပြီး မိမိတို့နိုင်ငံသည် အခြားတိုးတက်လျက်ရှိသောနိုင်ငံများနှင့် ရင်ပေါင်တန်း လိုက်နိုင်မှာဖြစ်ကြောင်းဖြင့် မှာကြားလမ်းညွှန်သည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက ဒေါင်းမြူးရေလှောင်တမံစီမံကိန်း၊ ကန့်ဒေါင့်ရေလှောင်တမံစီမံကိန်း၊ မြောက်ယမား တိုးချဲ့ရေသောက်စနစ်တည်ဆောက်ရေး၊ ကျောက်ချပ်ရေလှောင်တမံစီမံကိန်း၊ ရေဘုတ်ကြီးရေလှောင်တမံစီမံကိန်း၊ သရီရေလှောင်တမံစီမံကိန်း၊ နာဂစ်မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သော တာတမံများပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းစီမံကိန်း၊ နောင်ကုလားရေထိန်းတံခါး စီမံကိန်း၊ ပဂိုင်တာရေသွင်းတံခါးစီမံကိန်း၊ မန္တလေးတိုင်း ရမည်းသင်း၊ ပျော်ဘွယ်နှင့် မိတ္ထီလာမြို့နယ်များအတွင်းရှိ ဆည်ငယ်၊ ကန်ငယ် ပြုပြင်ခြင်းလုပ်ငန်းများနှင့် မြေအောက်ရေထုတ်ယူရန် အလားအလာရှိသည့် မိတ္ထီလာနှင့် သာစည်ဒေသများတွင် မိုးစပါး၊ ချည်မျှင်ရှည်ဝါနှင့် အခြားသီးနှံများ တစ်နှစ်ပတ်လုံး စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် မြေအောက်ရေရရှိရေးလုပ်ငန်းများ တည်ဆောက်အကောင်အထည်ဖော်ရေး စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

အထောက်အကူပြု

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနက ဆက်လက်အကောင်အထည်ဖော်မည့် စီမံကိန်းများ၌ စစ်ကိုင်းတိုင်း ဝန်းသိုမြို့နယ် လယ်ဦးကျေးရွာအနီး ဒေါင်းမြူးချောင်းပေါ်၌ မြေသားတမံ အမျိုးအစား ဒေါင်းမြူးရေလှောင်တမံစီမံကိန်းကို တည်ဆောက် အကောင်အထည်ဖော်သွားမည်ဖြစ်ရာ အဆိုပါစီမံကိန်းပြီးစီးပါက စိုက်ပျိုးမြေဧရိယာ ဧက ၆၃၀၀ခန့်ကို ဆည်ရေပေးဝေနိုင်မည့်အပြင် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက်ပါ အထောက်အကူပြုမည်ဖြစ်သည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့

ယခုမိမိတို့လက်ထက်၌ အထက်မြန်မာပြည်ရော အောက်မြန်မာပြည်၌ပါ ဆည်တမံရေရရှိရေးလုပ်ငန်းများကို ဖိဖိစီးစီး တည်ဆောက်ထူထောင်ခဲ့သည်မှာ ယခုဆိုလျှင် ဆည်တမံလုပ်ငန်း ၂၁၆ခု၊ မြစ်ရေတင်စီမံကိန်း ၃၂၂ခုရှိပြီဖြစ်ရာ စိုက်ပျိုးသီးနှံများကို တစ်သီးစားစိုက်ပျိုးရာမှ နှစ်သီး၊ သုံးသီး သီးထပ်စိုက်ပျိုးနိုင်သဖြင့် တောင်သူလယ်သမားများ၏ ဝင်ငွေများတိုးတက်လာပြီး လူနေမှုအဆင့်အတန်း မြင့်မားလာလျက်ရှိသည်မှာ လက်တွေ့ဖြစ်။

စာမျက်နှာ ၃မှ

ဒုတိယစီမံကိန်းမှာ စစ်ကိုင်းတိုင်း ပုလဲမြို့နယ်အတွင်းရှိ စိုက်ပျိုးမြေဧရိယာဧက ၂၀၀ခန့်ကို ဆည်ရေပေးဝေနိုင်မည့် မြေသားတမံအမျိုးအစား ကန့်ဒေါင့်ရေလှောင်တမံ စီမံကိန်းဖြစ်သည်။ စီမံကိန်းကို ကန့်ဒေါင့်ကျေးရွာအနီးရှိ ကျောက်ဖြုတ်ချောင်းပေါ်၌ တည်ဆောက် အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

တည်ဆောက်အကောင်အထည်ဖော်

တတိယစီမံကိန်းမှာ စစ်ကိုင်းတိုင်း ပုလဲမြို့နယ် မြောက်ယမားချောင်းပေါ်၌ တည်ဆောက်ပြီးဖြစ်သည့် မြောက်ယမားရေလှောင်တမံမှ ပိုလျှံသောရေများကို ထိန်းသိမ်းထားနိုင်သည့် ရေကူတမံငယ်ကို တည်ဆောက်ပြီးဖြစ်၍ လက်ရှိ မြောက်ယမား ရေသောက်ဧက၁၂၀၀၀အပြင် ဧက၁၀၀၀၀ထပ်မံ စိုက်ပျိုးနိုင်ရေးအတွက် မြောက်ယမားတိုးချဲ့ ရေသောက်စနစ်လုပ်ငန်းကို တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

ကျောက်ချပ်ရေလှောင်တမံစီမံကိန်း

စတုတ္ထစီမံကိန်းမှာ မကွေးတိုင်း ပွင့်ဖြူမြို့နယ်အတွင်းရှိ မြေဧရိယာ ဧက၁၀၀၀ခန့်ကို အပြည့်အဝ ဆည်ရေပေးဝေစိုက်ပျိုးနိုင်ရန်အတွက် ပွင့်ဖြူမြို့နယ် လယ်မရွာအနီးရှိ ကျောက်ချပ်ချောင်းပေါ်၌ မြေသားတမံ အမျိုးအစား ကျောက်ချပ်ရေလှောင်တမံ စီမံကိန်းဖြစ်သည်။

ပဉ္စမစီမံကိန်းမှာ စိုက်ပျိုးမြေဧရိယာဧက၄၀၀၀ခန့်ကို ဆည်ရေပေးဝေနိုင်ပြီး စီမံကိန်းဒေသအတွင်းရှိ ကျေးရွာများသို့ သောက်သုံးရေရရှိနိုင်မည့် မြေသားတမံအမျိုးအစား ရေဘုတ်ကြီးရေလှောင်တမံ စီမံကိန်းဖြစ်သည်။ စီမံကိန်းကို မကွေးတိုင်း ပွင့်ဖြူမြို့နယ် ရေဘုတ်ကြီးကျေးရွာအနီး ချောင်းမကြီးချောင်းပေါ်၌ တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

သရီရေလှောင်တမံစီမံကိန်း

ဆဋ္ဌမဆည်စီမံကိန်းမှာ ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် လက်ပန်ကျေးရွာအနီး သရီချောင်းပေါ်၌ မြေသားတမံအမျိုးအစား သရီရေလှောင်တမံ စီမံကိန်းဖြစ်သည်။ အဆိုပါစီမံကိန်းပြီးစီးပါက ကျောက်တော်မြို့နယ်အတွင်းရှိ စိုက်ပျိုးမြေဧရိယာဧက ၃၀၀၀ခန့်ကို ဆည်ရေပေးဝေနိုင်မည်ဖြစ်သည့်အပြင် ရေအားလျှပ်စစ် တပ်ဆင်ထုတ်လုပ်၍ ကျောက်တော်မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အား ပေးဝေနိုင်မှာဖြစ်သည်။

ဆက်လက် အကောင်အထည်ဖော်မည့် စီမံကိန်းမှာ နာဂစ်မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားခဲ့သော ဧရာဝတီတိုင်းအတွင်းရှိ ငပုတောမြို့နယ်၊ လပွတ္တာမြို့နယ်၊ ဘိုကလေးမြို့နယ်၊ ဖျာပုံမြို့နယ်၊ ဒေးဒရဲမြို့နယ်နှင့် ကျိုက်လတ်မြို့နယ်၊ ရန်ကုန်တိုင်းအတွင်းရှိ ကွမ်းခြံကုန်းမြို့နယ်၊ ကျောက်တန်းမြို့နယ်၊ ခရမ်းမြို့နယ်နှင့် သုံးခွမြို့နယ်တို့မှ ရေနုတ်ကန်တာ ၄၁ခု၊ အလျားမိုင်၆၇၄မိုင်ကျော်ကို မူလဒီဇိုင်းပုံစံအတိုင်း ပြန်လည်ပြုပြင် တည်ဆောက်သွားမည့်စီမံကိန်းဖြစ်သည်။ စီမံကိန်းများ ပြီးစီးပါက မိုးတွင်းကာလ၌ ပင်လယ်ဒီရေ မြင့်တက်ခြင်းကြောင့် ရေနစ်ဝင်ရောက်ခြင်းမှ ကာကွယ်ပေးခြင်းဖြင့် စိုက်ဧက၄ဒသမ၆သိန်းကို အကျိုးပြုစေမှာဖြစ်သည်။ မိုးနှောင်းကာလတွင် ရေတံခါးများဖြင့် ချောင်း၊ မြောင်းများအတွင်း ရေချိုသိုလှောင်ပေးခြင်းဖြင့် မိုးစပါးအောင်ရေလုံလောက်စွာ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည့်အပြင် နွေရာသီတွင် နွေစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးနိုင်မည်ဖြစ်သဖြင့် နိုင်ငံတော်အတွက် လူမှုရေး၊ စီးပွားရေးကဏ္ဍများတွင်သာမက ဒေသဖွံ့ဖြိုးရေးအတွက်ပါ များစွာအထောက်အကူပြုမည်ဖြစ်သည်။

နောင်ကုလားရေထိန်းတံခါး

တည်ဆောက်သွားမည့် ရေထိန်းတံခါးစီမံကိန်းများ၌ မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ်အတွင်းရှိ လယ်မြေဧက ၂၀၀၀၀ကျော်ကို မိုးရာသီတွင်

လယ်မြေဧက ၂၀၀၀၀ကျော် ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်

မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ်အတွင်းရှိ လယ်မြေဧက ၂၀၀၀၀ကျော်ကို မိုးရာသီတွင် ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ရေးနှင့် ရေချိုဖြင့် သီးထပ်များပိုမိုစိုက်ပျိုးနိုင်ရေး တို့အတွက် သထုံမြို့နယ် ပူတင်းချောင်ကျေးရွာအနီး နောင်ကုလားချောင်းပေါ်၌ နောင်ကုလား ရေထိန်းတံခါးစီမံကိန်း ပါရှိသည်။

အဆိုပါရေထိန်းတံခါးမှာ ကွန်ကရစ် ရေထိန်းတံခါး အမျိုးအစားဖြစ်ပြီး ၆ပေ×၁၂ပေအရွယ် ရေတံခါးပေါက် ၂၁ပေါက် ပါရှိသည်။

ရေကြီး နစ်မြုပ်မှုမှ ကာကွယ်နိုင်ရေးနှင့် ရေချိုဖြင့် သီးထပ်များ ပိုမိုစိုက်ပျိုးနိုင်ရေးတို့အတွက် သထုံမြို့နယ် ပူတင်းချောင်ကျေးရွာအနီး နောင်ကုလားချောင်းပေါ်၌ နောင်ကုလား ရေထိန်းတံခါးစီမံကိန်းပါရှိသည်။

အဆိုပါ ရေထိန်းတံခါးမှာ ကွန်ကရစ်ရေထိန်းတံခါး အမျိုးအစားဖြစ်ပြီး ၆ပေ×၁၂ပေအရွယ် ရေတံခါးပေါက် ၂၁ပေါက်ပါရှိသည်။ အခြားရေထိန်းတံခါး စီမံကိန်းမှာ ပဂိုင်တာရေထိန်းတံခါး စီမံကိန်းဖြစ်သည်။ နွေရာသီတွင် ကောလိယ၊ ဘိုင်းဒါး၊ ဘောနီရေလှောင်တမံများမှ ပိုလျှံရေများကို နဂါးပေါက်ရေထိန်းတံခါးမှထိန်းကာ ပဂိုင်တာရေသွင်းတံခါးမှတစ်ဆင့် ပဲခူး၊ စစ်တောင်းမြစ်အတွင်းသို့ စိုက်ပျိုးရေ ဖြည့်တင်းပေးနိုင်ရန်၊ မိုးရာသီတွင် ပဲခူး၊ စစ်တောင်း တူးမြောင်းအတွင်းမှ ရေများကို ထုတ်နုတ်ပေးနိုင်ရန်၊ လယ်ယာမြေဧက ၁၇၀၀၀ ကို မိုးရာသီတွင် ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ပြီး နွေရာသီတွင် သီးထပ်များ ပိုမိုစိုက်ပျိုးနိုင်ရန် ရည်ရွယ်ချက်များဖြင့် ပဲခူးတိုင်း ဝေါမြို့နယ် လေးအိမ်ရာကျေးရွာအနီး နဂါးပေါက်ချောင်းမှ ခွဲထွက်လာသည့် ရေသွင်းမြောင်းပေါ်တွင် ပဂိုင်တာရေသွင်းတံခါး စီမံကိန်းကို တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။ စီမံကိန်း၌ ၆ပေ×၄ပေ အရွယ်ရှိ သံကူကွန်ကရစ် ရေတံခါးပေါက် ၅၀ပါရှိသည်။

စာမျက်နှာ ၅ ကော်လံ ၁

ကြီးအုံကြီးဝ ရေလှောင်တမံ၏ ရေပိုလွှဲ

မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကြီးအုံကြီးဝ ရေလှောင်တမံ၏ ရေပိုလွှဲအပိုင်း၌ ရေတံခါးတပ်ဆင်ရန် ကွန်ကရစ်လုပ်ငန်းပိုင်းဆိုင်ရာများ တည်ဆောက်ပြီးစီးမှုကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

15-11 (04).pmd 1 11/15/2008, 3:07 AM

စာမျက်နှာ ၄ မှ

ဆည်ငယ်၊ ကန်ငယ်ပြုပြင်ခြင်း စီမံကိန်းအဖြစ် မန္တလေးတိုင်းအတွင်းရှိ ရမည်းသင်း၊ ပျော်ဘွယ်၊ မိတ္ထီလာ အပူပိုင်းဒေသ ရေရရှိရေးနှင့် နေပြည်တော် ပတ်ဝန်းကျင် ရမည်းသင်းခရိုင်နှင့် မိတ္ထီလာခရိုင်များတွင် ဆန်စပါးပိုမို တိုးတက်ထုတ်လုပ်နိုင်စေရန်၊ ရေသွင်းစိုက်ဧရိယာများ ပိုမိုတိုးတက်လာစေရန်တို့အတွက် ရမည်းသင်းခရိုင်အတွင်း ယခင်တည်ဆောက်ပြီး ဆည်ငယ်၊ ကန်ငယ် ၆၂ခု အနက် ပထမအဆင့် ဆည်ငယ်၊ကန်ငယ် ၁၀ခုတို့ကို ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး အကျိုးပြု ဧရိယာမှာ ဧက ၅၃၀၀ကျော် ဖြစ်သည်။

မြေအောက်ရေရရှိရေး စီမံကိန်းအဖြစ် မိတ္ထီလာမြို့နယ်နှင့် သာစည်မြို့နယ်များတွင် မြေအောက်ရေ ရရှိရေးအတွက် စက်ရေတွင်းပေါင်း ၈၀၀ တူးဖော်၍ စိုက်ပျိုးရေပေးဝေခြင်းဖြစ်သည်။ မိုးနည်းရေရှားဒေသဖြစ်ပြီး ပုံမှန် မိုးရေမရရှိသည့်အတွက် စိုက်ပျိုးသီးနှံများ ရေပေးဝေနိုင်ရန် စီမံဆောင်ရွက်ခြင်းဖြစ်ပြီး ပထမအဆင့်၌ စက်ရေတွင်း၄၀၀၊ ဒုတိယအဆင့်၌၄၀၀ စုစုပေါင်း စက်ရေတွင်း ၈၀၀ဖြင့် စိုက်ပျိုးမြေဧရိယာဧက ၁၁၀၀၀ခန့်ကို အကျိုးပြုနိုင်မည်ဖြစ်သည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းက Float Glass မှန်စက်ရုံစီမံကိန်း(ကျောက်ဆည်)၊ နေပြည်တော် အုတ်စက်ရုံစီမံကိန်း(မင်းကုန်း)နှင့် နေပြည်တော် အုတ်စက်ရုံစီမံကိန်း (ပန်းတင်)တို့ တည်ဆောက်ရေး စီမံကိန်းများနှင့်စပ်လျဉ်း၍ စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်းသည် အဆင့်အတန်းမီ အရည်အသွေးမြင့်မားသော မှန်အကြည်၊ အရောင်မှန်၊ အားဖြည့်မှန်၊ လွှာထပ်မှန်၊ ကြည့်မှန်စသည့် မှန်အမျိုးမျိုး ထုတ်လုပ်ရန်အတွက် တစ်နေ့လျှင် မှန်ရည်တန် ၁၅၀ကျိုချက်၍ မှန်ကုန်ချော ၁၁၇တန် ထုတ်လုပ်ပေးနိုင်သည့် Float Glass မှန်စက်ရုံစီမံကိန်း (ကျောက်ဆည်)ကို မန္တလေးတိုင်း၊ ကျောက်ဆည်မြို့နယ် ကျောက်ဆည်မြို့၏ အရှေ့ဘက် ၅မိုင်ခန့်အကွာ ယင်းစွဲတောင်ခြေ၌ တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။

၂၀၀၇ခုနှစ် ဒီဇင်ဘာ၁၉ရက်က ဖွင့်လှစ်ခဲ့သော အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၏ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်း စက်ရုံ(ပြင်ဦးလွင်)ကို ဤသို့ သပ်ရပ်လှပစွာ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

နေပြည်တော်အုတ်စက်ရုံစီမံကိန်း(ပန်းတင်)

ထို့ပြင် မြန်မာ့ကြွေထည်မြေထည်လုပ်ငန်းသည် တိုးတက်များပြားလာ သည့်နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများတွင် လိုအပ်သောအုတ်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် တစ်ရက်လျှင်အုတ်ချပ်ရေ၁၅၀၀၀၀၊ တစ်နှစ်လျှင် အုတ်ချပ်ရေသန်း ၅၀ထုတ်လုပ်ပေးနိုင်မည့် နေပြည်တော် အုတ်စက်ရုံစီမံကိန်း (မင်းကုန်း)ကို နေပြည်တော် ပျဉ်းမနားမြို့နယ် မင်းကုန်းကျေးရွာအနီးတွင် လည်းကောင်း၊ တစ်ရက်လျှင် အုတ်ချပ်ရေ ၅၀၀၀၀ စက်ရုံခွဲသုံးရုံဖြင့် တစ်နှစ်လျှင် အုတ်ချပ်ရေ သန်း၅၀ ထွက်ရှိမည့် နေပြည်တော် အုတ်စက်ရုံစီမံကိန်း(ပန်းတင်)ကို နေပြည်တော် လယ်ဝေးမြို့နယ် ပန်းတင်ကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်း ပေါ်၌လည်းကောင်း တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်သည်။

ယင်းနောက် အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းက Heavy Turbo Truck Assembly & Component Parts ထုတ်လုပ်မှုစက်ရုံစီမံကိန်း၊ စက်မှုသင်တန်းကျောင်း(သာဂရ)စီမံကိန်း၊ စက်မှုသင်တန်းကျောင်း(ပခုက္ကူ)စီမံကိန်းနှင့် Transmission System ထုတ်လုပ်မှု စက်ရုံစီမံကိန်းများ အကောင်အထည်ဖော် တည်ဆောက်ရေးတို့နှင့် စပ်လျဉ်း၍ စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

အကြီးစားကုန်တင်ယာဉ်

အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်းမှ ဦးဆောင်၍ Heavy Turbo Truck Assembly & Component Parts ထုတ်လုပ်မှုစက်ရုံစီမံကိန်းကို မကွေးတိုင်း မကွေးမြို့နယ် ပုထိုးစမ်းကျေးရွာ၌ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည်။ ယင်းစက်ရုံတည်ဆောက်ပြီးပါက အကြီးစားကုန်တင်ယာဉ် တစ်နှစ်အစီး၁၀၀၀ခန့်နှင့် စက်ပစ္စည်းအစိတ်အပိုင်း ၁၀၀၀ခန့်ကို ထုတ်လုပ်သွားမည်ဖြစ်သည်။

ထို့အပြင် အမှတ်(၂)စက်မှုဝန်ကြီးဌာန မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုလုပ်ငန်းက စက်မှုသင်တန်းကျောင်း (သာဂရ) စီမံကိန်းကို ပဲခူးတိုင်း၊ ရေတာရှည်မြို့နယ် သာဂရစက်မှုနယ်မြေ၌လည်းကောင်း၊ စက်မှုသင်တန်းကျောင်း(ပခုက္ကူ)စီမံကိန်းကို မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့နယ်၌လည်းကောင်း တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး စက်မှုလုပ်ငန်းများအတွက် လိုအပ်သော လျှပ်စစ်နှင့်စက်မှု ကျွမ်းကျင်ဝန်ထမ်းများ၊ ကွန်ပျူတာကျွမ်းကျင်ဝန်ထမ်းများကို မွေးထုတ်ပေးမည့် သင်တန်းကျောင်းများဖြစ်ကြသည်။

သာဂရစက်မှုနယ်မြေ

အမှတ်(၂)စက်မှုဝန်ကြီးဌာန မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်းမှ Transmission System ထုတ်လုပ်မှုစက်ရုံစီမံကိန်းကို ပဲခူးတိုင်း၊ ရေတာရှည်မြို့နယ်ရှိ သာဂရစက်မှုနယ်မြေ၌ တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပြီး ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံမှ ထုတ်လုပ်သော အင်ဂျင်များနှင့်တွဲဖက်အသုံးပြုမည့် Transmission System မျိုးစုံကို တစ်နှစ်လျှင် ၇၀၀ခန့် ထုတ်လုပ်သွားမည်ဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၆

နေပြည်တော် အုတ်စက်ရုံစီမံကိန်း

မြန်မာ့ကြွေထည်မြေထည်လုပ်ငန်းသည် တိုးတက်များပြားလာသည့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် လိုအပ်သော အုတ်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် တစ်ရက်လျှင် အုတ်ချပ်ရေ ၁၅၀၀၀၀၊ တစ်နှစ်လျှင်အုတ်ချပ်ရေသန်း ၅၀ ထုတ်လုပ်ပေးနိုင်မည့် နေပြည်တော် အုတ်စက်ရုံစီမံကိန်း (မင်းကုန်း)ကို နေပြည်တော် ပျဉ်းမနားမြို့နယ် မင်းကုန်းကျေးရွာ အနီးတွင်လည်းကောင်း၊ တစ်ရက်လျှင် အုတ်ချပ်ရေ ၅၀၀၀၀ စက်ရုံခွဲသုံးရုံဖြင့် တစ်နှစ်လျှင် အုတ်ချပ်ရေ သန်း၅၀ ထွက်ရှိမည့် နေပြည်တော် အုတ်စက်ရုံ စီမံကိန်း (ပန်းတင်)ကို နေပြည်တော် လယ်ဝေးမြို့နယ် ပန်းတင်ကျေးရွာအနီး ရန်ကုန်-မန္တလေး ကားလမ်း ပေါ်၌လည်းကောင်း တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်။

ပဲခူးတိုင်း ရေတာရှည်မြို့နယ် သာဂရ စက်မှုနယ်မြေ၌ ၂၀၀၈ ခုနှစ် စက်တင်ဘာ ၃၀ရက်က ဖွင့်လှစ်ခဲ့သည့် မြေထိုး၊ မြေတူး ယန္တရား ထုတ်လုပ်မှုစက်ရုံ (သာဂရ)ကို ဤသို့ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)



တွေ့ဆုံနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းအား အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ ဝန်ကြီးချုပ်၏ နေအိမ်၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းအား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တွေ့ဆုံနှုတ်ဆက်

နေပြည်တော် နိုဝင်ဘာ ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုဝင်ဘာ၁၂ရက် ညနေ၅နာရီတွင် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ ဝန်ကြီးချုပ်၏ နေအိမ်သို့ သွားရောက်၍ အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းအား တွေ့ဆုံနှုတ်ဆက်သည်။

တက်ရောက်

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးသန့်ကျော်တို့ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းနှင့်အတူ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး Mr.Pranab Mukherjee၊ ပြည်ပရေးရာဝန်ကြီးဌာနအတွင်းဝန် Mr. Shivshankar Menon နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး Mr.Bhaskar Kumar Mitra တို့ တက်ရောက်ကြသည်။

အမြင်ချင်းဖလှယ်

ယင်းသို့တွေ့ဆုံနှုတ်ဆက်ရာတွင် နှစ်နိုင်ငံဝန်ကြီးချုပ်များသည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ စီးပွားရေးကဏ္ဍ၊ သတင်းနှင့်နည်းပညာကဏ္ဍ၊ စွမ်းအင်ကဏ္ဍနှင့် ဘင်းမ်စတက် အဖွဲ့ကြီးအောက်မှ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ကြသည်။ **(သတင်းစဉ်)**

အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်း တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုဝင်ဘာ၁၂ရက် ည၈နာရီတွင် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ Hotel ITC Maurya ၌ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းက ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများအား တည်ခင်းသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။ (ယာပုံ)

တက်ရောက်

အဆိုပါဂုဏ်ပြုညစာစားပွဲသို့ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ အိမ်စောင့်အစိုးရအဖွဲ့ အကြံပေးအရာရှိချုပ် ဒေါက်တာဖခ်ရူဒင်အာမက်၊ ဘူတန်နိုင်ငံဝန်ကြီးချုပ် Lyonchhen Jigmi Thinley၊ နီပေါနိုင်ငံဝန်ကြီးချုပ် Pushpa Kamal Dahal Prachanda၊ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ မဟင်ဒါရာဂျာပတ်ခ်ဆာ၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးကြည်သိန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ်သည် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများအား ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုညစာစားပွဲတွင် အိန္ဒိယရိုးရာ ယဉ်ကျေးမှုတေးဂီတများဖြင့် ဖျော်ဖြေတင်ဆက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ အင်ဒီရာဂန္ဒီ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အိန္ဒိယသမ္မတနိုင်ငံ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Ashwani Kumar ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး တက်ရောက်ရန် နယူးဒေလီသို့ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ကျင်းပမည့် ဒုတိယအကြိမ် ကဏ္ဍစုံ နည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဘင်္ဂလားပင်လယ်အော် ဦးဆောင်ဦးရွက်ပြုမှု အစီအစဉ် (BIMSTEC) ထိပ်သီးအစည်းအဝေးသို့တက်ရောက်ရန် နိုဝင်ဘာ၁၂ရက် နံနက်၁၀နာရီတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့သို့ ထွက်ခွာလာရာ ဒေသစံတော်ချိန် မွန်းလွဲ၂နာရီတွင် နယူးဒေလီမြို့ရှိ အင်ဒီရာဂန္ဒီ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိသည်။

ခရီးဦးကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအား အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်းနှင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန အကြီးအကဲ Mr.Manjeev Sigh Puri တို့က လေယာဉ်ပေါ်သို့တက်ရောက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ခရီးဦး ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များသည် အထူးလေယာဉ်ပေါ်မှ ဆင်းသက်လာကြရာ အိန္ဒိယသမ္မတနိုင်ငံ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr.Ashwani Kumar နှင့်တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား မြန်မာအမျိုးသမီးငယ်တစ်ဦးက ဂုဏ်ပြုပန်းစည်း ပေးအပ်သည်။

ကြိုဆိုနှုတ်ဆက်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအား ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး၏ ဇနီး ဒေါ်မာမာရှိန်၊ စစ်သံမှူး ဗိုလ်မှူးကြီးနေဝင်းနှင့်ဇနီး ဒေါ်နွယ်နွယ်ခင်၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးစိုးပိုင်နှင့် မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းမိသားစုများက ဂါရဝပြု ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် အင်ဒီရာဂန္ဒီ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ခေတ္တတည်းခိုမည့် Shangri-La Hotel သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

15-11 (06).pmd 1 11/15/2008, 3:07 AM

■ *ကျော်ဖုံးမှ*

တက်ရောက်

ဒုတိယအကြိမ် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ အိမ်စောင့်အစိုးရအဖွဲ့ အကြံပေးအရာရှိချုပ် ဒေါက်တာဖခ်ရူဒင်အာမက်၊ ဘူတန်နိုင်ငံဝန်ကြီးချုပ်Lyonchhen Jigmi Y. Thinley၊ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်း၊ နီပေါနိုင်ငံဝန်ကြီးချုပ် Pushpa Kamal Dahal Prachanda၊ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ မဟင်ဒါ ရာဂျာပတ်ခ်ဆာ၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် Mr. Somchai Wongsawat ၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးကြည်သိန်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားမစတင်မီ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများသည် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဒုတိယအကြိမ် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို Hotel Taj Palace ရှိ Durbar Hall ၌ စတင်ကျင်းပသည်။

အဖွင့်မိန့်ခွန်းပြောကြား

ဖွင့်ပွဲအခမ်းအနား အစီအစဉ်အရ အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းက အဖွင့်မိန့်ခွန်းပြောကြားသည်။

ယင်းနောက် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ အိမ်စောင့်အစိုးရအဖွဲ့ အကြံပေးအရာရှိချုပ် ဒေါက်တာ ဖခ်ရူဒင်အာမက်နှင့် ဘူတန်နိုင်ငံဝန်ကြီးချုပ် Lyonchhen Jigmi Y. Thinley တို့က မိန့်ခွန်းပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က မိန့်ခွန်းပြောကြားရာတွင် ဘင်းမ်စတက်အဖွဲ့ကြီးတည်ထောင်ခဲ့သည့် (၁၁)နှစ်တာကာလများအတွင်း မိမိတို့၏ ပူးပေါင်းဆောင်ရွက်မှုများသည်လည်း ကဏ္ဍ(၆)ရပ်ရှိရာမှ ကဏ္ဍ(၁၃)ရပ်သို့ တိုးချဲ့ရောက်ရှိသွားခဲ့ပြီဖြစ်ကြောင်း၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်လိုမှုများ စိတ်အားထက်သန်မှုရှိခြင်းကို ယင်းအချက်က ဖော်ညွှန်းပြခြင်းပင်ဖြစ်ပါကြောင်း။

ဦးစားပေးမြှင့်တင်

ခရီးသွားလုပ်ငန်းနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍတို့သည် ဦးစားပေးမြှင့်တင်ရမည့် ကဏ္ဍများဖြစ်ကြောင်း၊ ယင်းကဏ္ဍများ တိုးတက်လာသည်နှင့်အမျှ ဘင်းမ်စတက်ပြည်သူများအချင်းချင်း နားလည်မှု၊ ချစ်ကြည်ရင်းနှီးမှုများ တိုးမြှင့်လာမည်ဖြစ်သကဲ့သို့ နီးကပ်စွာ ကူးလူးဆက်ဆံမှု များပြားလာစေမည်လည်း ဖြစ်ပါကြောင်း။

စွမ်းအင်ဈေးနှုန်းပြောင်းလဲမှုနှင့် ကမ္ဘာ့စားနပ်ရိက္ခာဈေးနှုန်း မြင့်တက်လာမှုတို့သည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်ခြိမ်းခြောက်နေပါကြောင်း၊ သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုများသည်လည်း စွမ်းအင် စားနပ်ရိက္ခာ လုံခြုံမှုများနှင့် တိုက်ရိုက်ဆက်စပ်လာနေသဖြင့် ယင်းပြဿနာများကို တစ်နိုင်ငံတည်းဖြေရှင်း၍ မရတော့သည့် အခြေအနေဖြစ်လာကြောင်း၊ သို့ဖြစ်၍ ဒေသတွင်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖြေရှင်းကြရန်လိုကြောင်း။

မြန်မာနိုင်ငံအနေဖြင့် စွမ်းအင်ကဏ္ဍတွင် ဘာသာရပ်ဆိုင်ရာ ဦးဆောင်နိုင်ငံအဖြစ် ဆောင်ရွက်နေရခြင်းကို ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

မိန့်ခွန်းပြောကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ Hotel Taj Palace ၌ ကျင်းပသည့် ဒုတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးဖွင့်ပွဲ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

ကြိုတင်ကာကွယ်

ကမ္ဘာကြီး ပူနွေးလာမှုက ကြီးမားပြင်းထန်သည့် မုန်တိုင်းကြီးများ ပိုမိုဖြစ်ပေါ်လာစေခြင်းကြောင့် မြန်မာနိုင်ငံတွင်လည်း ၂၀၀၈ခုနှစ် မေလဆန်းက ဆိုင်ကလုန်း နာဂစ်မုန်တိုင်းကြီး တိုက်ခတ်မှုကြုံခဲ့ရပြီး လူများစွာ၏ အသက်၊အိုးအိမ်၊ပစ္စည်းများဆုံးရှုံးခဲ့ရပါကြောင်း၊ ရာသီဥတုပြောင်းလဲမှု၏ ဖျက်ဆီးနိုင်သည့် အကျိုးဆက်ဒဏ်များကို ဆိုးရွားစွာ ခံစားခဲ့ရပါကြောင်း၊ ယခုအခါ အစိုးရ၊ ပြည်သူလူထု၊ တပ်မတော်တို့၏ ပူးပေါင်းကြိုးပမ်းဆောင်ရွက်မှုကြောင့် ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ မိမိအနေဖြင့် အလေးပေး တိုက်တွန်းလိုသည်မှာ မိမိတို့အဖွဲ့ဝင်နိုင်ငံ အချင်းချင်း မိုးလေဝသဆိုင်ရာ ရရှိသည့် သတင်းအချက်အလက်များကို အချိန်မီဝေမျှခြင်းဖြင့် ဖြစ်ပေါ်လာမည့် သဘာဝဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကဏ္ဍနှင့် ပတ်သက်၍ ဘင်းမ်စတက်အဖွဲ့အတွင်း ဘာသာရပ်ဆိုင်ရာ ဦးဆောင်သည့် နိုင်ငံဖြစ်ပါကြောင်း၊ ထို့ကြောင့် ဦးဆောင်ညှိနှိုင်းတာဝန်ယူသည့် နိုင်ငံဖြစ်သည်နှင့်အညီ တိုးတက်မှုများရရှိလာစေရေး ပိုမိုကြိုးပမ်းအားထုတ်သွားမည်ဖြစ်ကြောင်း။

လွတ်လပ်စွာကုန်သွယ်ရေး

ဘင်းမ်စတက်နိုင်ငံများအကြား ဒေသတွင်းပေါင်းစည်းမှုရရှိရေး ကြိုးပမ်းဖော်ဆောင်ရာတွင် မြန်မာနိုင်ငံအနေဖြင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဖြင့် တိုးတက်ရေးအတွက် ဘင်းမ်စတက် လွတ်လပ်စွာကုန်သွယ်ရေးနယ်မြေတစ်ရပ် ပေါ်ပေါက်ရေး ကြိုးပမ်းချက်များကို ထောက်ခံပါကြောင်း၊ ထို့အပြင် လွတ်လပ်စွာ ကုန်သွယ်မှု နယ်မြေသည် ဒေသတွင်း စွမ်းဆောင်ရည်ပြည့်ဝမှု တိုးမြှင့်စေရန်နှင့် အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဆက်လက်ခိုင်မာလာစေရန်အတွက် စေ့ဆော်အားတစ်ရပ်အဖြစ်လည်း ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း။

အကြမ်းဖက် တိုက်ခိုက်မှုများသည် ကမ္ဘာ့နိုင်ငံအတော်များများတွင် ဆက်လက်ပြီး ဖြစ်ပေါ်နေသဖြင့် ပြည်သူများ၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ခြိမ်းခြောက်နေကြောင်း၊ နိုင်ငံတကာအနေဖြင့် ခိုင်မာစွာ လက်တွဲပူးပေါင်း ဆောင်ရွက်မှသာ ကျော်လွှားနိုင်မည်ဖြစ်ကြောင်း။

အတည်ပြုပြောကြား

မြန်မာနိုင်ငံသည် ရှေ့လာမည့်နှစ်တွင် ဘင်းမ်စတက်အဖွဲ့၏ သဘာပတိရာထူးကို လက်ခံရယူမည်ဖြစ်သည်ကို ဘင်းမ်စတက်နိုင်ငံများမှ အကြီးအကဲများနှင့် ယခုကဲ့သို့ စုစည်းတွေ့ဆုံစဉ် မိမိမှ ထပ်လောင်းအတည်ပြုပြောကြားလိုကြောင်း။

ဆက်လက်ကြိုးပမ်း

ယခုထိပ်သီး အစည်းအဝေးက ဘင်းမ်စတက်၏ လုပ်ငန်းဘောင်အတွင်း လေးနက်သည့် ပူးပေါင်းဆောင်ရွက်မှုကို အထောက်အပံ့ပြုနိုင်မည် ဖြစ်ပါကြောင်း၊ ဘင်းမ်စတက် ဒေသတွင်း ပြည်သူများ၏ စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှု၊ ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက် အနာဂတ်တွင် ပိုမိုဖြစ်ထွန်းအောင်မြင်စေရေးအတွက် ဆက်လက်ကြိုးပမ်းအားထုတ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ နီပေါနိုင်ငံဝန်ကြီးချုပ် Pushpa Kamal Dahal Prachanda၊ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ မဟင်ဒါ ရာဂျာပတ်ခ်ဆာနှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် Mr. Somchai Wongsawat တို့က အသီးသီး မိန့်ခွန်းပြောကြားကြသည်။

ကြေညာစာတမ်း အတည်ပြု

ယင်းနောက် ထိပ်သီးအစည်းအဝေးက ဝန်ကြီးအဆင့် အစည်းအဝေး အစီရင်ခံစာနှင့် ဒုတိယအကြိမ် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေး ကြေညာစာတမ်းတို့ကို အတည်ပြုသည်။

ထို့နောက် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းက အပိတ်မိန့်ခွန်း ပြောကြားပြီး နံနက် ၁၁နာရီ ၃၅မိနစ်တွင် ဒုတိယအကြိမ် ဘင်းမ်စတက် ထိပ်သီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မှတ်တမ်းတင်ဓာတ်ပုံရိုက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများ အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ Hotel Taj Palace ၌ ကျင်းပသည့် ဒုတိယအကြိမ် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၅-၁၁-၂၀၀၈ ရက်
(စနေနေ့)
နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၀ ၂။ ယောဆရာတော်ကြီး၏ ဥပ္ပာတသန္တိပါဠိတော်
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၆။ အကပြိုင်ပွဲ
- ၈း၀၀ ၇။ ကဗျာပန်းဥယျာဉ်
- ၈း၁၀ ၈။ သူ့လက်သံ
- ၈း၂၀ ၉။ **အေးမြသော လေညင်းလေးများ** မေတ္တာ၊ ဇေယျာ၊ စိုးမိုးကြည်၊ ရှူးရှူးမောင် (ဒါရိုက်တာ-အောင်မိုး၊ ပဲရစ်)
- ၈း၃၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ Yan Can Cook
- ၁၁း၃၀ ၃။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂း၁၅ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂း၄၀ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေမေ့မေတ္တာ ကုဋေကုဋာ** (အပိုင်း-၂၁)
- ၁၃း၃၀ ၆။ ဆန်းကြယ်ထူးခြားပြိုင်ပွဲ (Telematch)
- ၁၄း၁၀ ၇။ တေးဂီတအစီအစဉ်
- ၁၄း၂၀ ၈။ International News
- ၁၄း၃၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃း၂၀ ၁။ **တတိယအကြိမ် Grand Royal Challenge Cup 2008 ဘောလုံးပြိုင်ပွဲ မြန်မာနှင့် အင်ဒိုနီးရှား**
- ၅း၁၅ ၂။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၅း၃၀ ၃။ ရသပေါ်လွင်သရုပ်ဆောင်လွှင်ပြင်
- ၆း၀၀ ၄။ ညနေခင်းသတင်း
- ၆း၃၀ ၅။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၆။ အလှရှာမယ်လှကမ္ဘာဝယ်
- ၆း၅၅ ၇။ **ပဋ္ဌာန်းလက်ကျောင်းတော်**
- ၇း၁၅ ၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **သံယောဇဉ်နှောင်ကြိုး** (အပိုင်း-၁၃)
- ၈း၀၀ ၉။ ပြည်တွင်းသတင်း
- ၁၀။ နိုင်ငံတကာသတင်းများ
- ၁၁။ မိုးလေဝသအခြေအနေ
- ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်စစ်ရှာဖွေခြင်း** (အပိုင်း-၇)
- ၁၃။ အစီအစဉ်ပြီး၏။

ဥတုရာသီ တောကိုမှီ၏

ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင် ဖိလစ်ပိုင်သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၄

ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်နှင့် မန္တလေးတိုင်း ဥပဒေအရာရှိ ဦးရဲအောင်မြင့်တို့ ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၁ ရက်မှ ၁၃ ရက်အထိ ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့၌ ကျင်းပသည့် တရုတ်-အာဆီယံ အစိုးရရှေ့နေများ၏ (၅)ကြိမ်မြောက် အထွေထွေညီလာခံအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် နိုဝင်ဘာ ၁၃ ရက် ညပိုင်း၌ နေပြည်တော်လေဆိပ်သို့ လေကြောင်းခရီးစဉ်ဖြင့် ပြန်လည်ရောက်ရှိလာကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

15-11 (07).pmd 1 11/15/2008, 3:07 AM

ပြည်ထောင်စုတစ်ဝန်း ကူးသန်းသွားလာမှုတွင် အဓိကကျသော ဧရာဝတီတံတား(ရတနာပုံ)ကို ၂၀၀၈ခုနှစ် ဧပြီ ၁၁ရက်က ခမ်းနားသိုက်မြိုက်စွာ ဖွင့်လှစ်ပေးခဲ့သည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

စာမျက်နှာ ၅ မှ

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ဖောက်လုပ်ရေးစီမံကိန်း၊ ဧရာဝတီတိုင်း ပင်လယ်ပိုင်းဒေသနှင့် ဆက်စပ်သော ဒေသများအကြားတိုးချဲ့ဖောက်လုပ်လျက်ရှိသည့် လမ်းကွန်ရက်စီမံကိန်းဖြစ်သော မအူပင်-ရေလဲကလေး-ရွှေတောင်မော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်း၊ မော်လမြိုင်ကျွန်း-လှိုင်းဘုန်း-သစ်ပုတ်-ကွင်းပေါက်-ပြင်စလူလမ်း၊ လပွတ္တာ-သဃ်န်းကြီး-ပြင်စလူလမ်း၊ လပွတ္တာ-သုံးခွ-အုတ်တွင်း-ထိပ်စွန်းလမ်းနှင့် ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနိလမ်းများ ဖောက်လုပ်ရန်ကိစ္စ၊ မြင်းကကုန်းတံတား စီမံကိန်းနှင့် ရာဇူဒိုင်တံတား တည်ဆောက်ရေး စီမံကိန်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး

နိုင်ငံတော်၏ လူမှုစီးပွားရေးအခြေအနေ ဖွံ့ဖြိုးတိုးတက်မှုကြောင့် ကုန်စည် စီးဆင်းမှုများ များပြား

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းဝင်လမ်းမကြီး(၅)ခု

- ❐ လမ်းအရှည် ၄၃မိုင် ၅ဖာလုံရှိ မအူပင်-ရေလဲကလေး-ရွှေတောင်မော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်း၊
- ❐ လမ်းအရှည် ၅၂မိုင်ရှိ မော်လမြိုင်ကျွန်း- လှိုင်းဘုန်း-သစ်ပုတ်-ကွင်းပေါက်-ပြင်စလူလမ်း၊
- ❐ လမ်းအရှည် ၃၃မိုင် ၅ဖာလုံရှိ လပွတ္တာ-သဃ်န်းကြီး-ပြင်စလူလမ်း၊
- ❐ လမ်းအရှည် ၃၇မိုင် ၅ဖာလုံရှိ လပွတ္တာ-သုံးခွ-အုတ်တွင်း-ထိပ်စွန်းလမ်း၊
- ❐ လမ်းအရှည် ၃၉မိုင်ရှိ ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနိလမ်း။

ယခင်ကာလက ရေကြောင်းကိုသာ အားထားခဲ့ကြရသော တိုင်းရင်းသားပြည်သူများအား ကုန်းလမ်းခရီးဖြင့် လွယ်ကူစွာကူးသန်း သွားလာနိုင်ရန် ရခိုင်ပြည်နယ် မင်းကြောင်းချောင်းတံတားကြီးက သယ်ပိုးဆောင်ကြဉ်းပေးလျက်ရှိသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

15-11 (08).pmd 1 11/15/2008, 3:07 AM

လာခြင်း၊ မော်တော်ယာဉ်စီးရေ တိုးတက်များပြားလာခြင်း၊ လမ်းခရီးတစ်လျှောက်ရှိ မြို့ရွာများ ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့် လူဦးရေများပြား လာခြင်းတို့ကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ဖောက်လုပ်ရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မိုင်အရှည် ၃၅၂မိုင်၊ ဖဖာလုံရှိ ရှစ်လမ်းသွား ရန်ကုန်-မန္တလေးအမြန် ကွန်ကရစ်လမ်းမကြီး ဖောက်လုပ်ပြီးစီးပါက ရန်ကုန်-နေပြည်တော်-မန္တလေးတို့အကြားတွင် သတ်မှတ်အမြန်နှုန်းဖြင့် အများဆုံးမောင်းနှင်နိုင်မည်ဖြစ်၍ မောင်းနှင်ချိန် ၈နာရီခန့်သာ ကြာမြင့်မည်ဖြစ်ပြီး လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့၍ ကုန်စည်စီးဆင်းမှု မြန်ဆန်မှန်ကန်လာမည်ဖြစ်သည်။ အမြန်လမ်းမကြီးမှာ လမ်းလယ်ကျွန်းပေ ၃၀၏ တစ်ဖက်စီတွင် ပေ ၅၀အကျယ် လေးလမ်းသွား လမ်းမများပါရှိသည့် ရှစ်လမ်းသွားလမ်းမကြီးဖြစ်သည်။

တံတားများတည်ဆောက်

အဆိုပါ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် တံတားများအဖြစ် အမှတ်(၃)လမ်းဆုံမှ စကားအင်းအဝိုင်းအထိ အသွား/အပြန် ပေ၁၈၀အထက် တံတား ၇၂စင်း၊ ပေ၅၀နှင့် ပေ ၁၈၀အောက် တံတား ၂၁၄စင်း၊ ပေ ၅၀အောက်တံတား ၁၇၄စင်း၊ Under Pass ၁၁၄စင်း အပါအဝင် စုစုပေါင်းတံတား ၅၇၄စင်းနှင့် ရေပြွန် (Box Culvert) ၉၆၂ စင်းတို့ကို တည်ဆောက်သွားရမည်ဖြစ်သည်။

ထို့အပြင် ဆောက်လုပ်ရေးဝန်ကြီးဌာနက ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းဝင် လမ်းမကြီး (၅)ခုဖြစ်သော လမ်းအရှည် ၄၃ မိုင်၅ ဖာလုံရှိ မအူပင်-ရေလဲကလေး-ရွှေတောင်မှော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်း၊ လမ်းအရှည် ၅၂မိုင်ရှိ မော်လမြိုင်ကျွန်း- လှိုင်းဘုန်း-သစ်ပုတ်-ကွင်းပေါက်-ပြင်စလူလမ်း၊ လမ်းအရှည် ၃၃မိုင် ၅ဖာလုံရှိ လပွတ္တာ-သဃ်န်းကြီး-ပြင်စလူလမ်း၊ လမ်းအရှည် ၃၇မိုင် ၅ ဖာလုံရှိ လပွတ္တာ-သုံးခွ-အုတ်တွင်း-ထိပ်စွန်းလမ်းနှင့် လမ်းအရှည်၃၉မိုင်ရှိ ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနိ လမ်းဖောက်လုပ်ရေး စီမံကိန်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းဝင် လမ်းမကြီး (၅)ခု ဖောက်လုပ်ပြီးစီးသွားပါက ယင်းလမ်းများမှတစ်ဆင့် ပင်လယ်ပိုင်းဒေသများသို့ လွယ်ကူချောမွေ့ မြန်ဆန်စွာ သွားလာနိုင်မည်ဖြစ်ပြီး သဘာဝဘေးဒဏ် အရေးပေါ်ကြုံတွေ့ပါကလည်း လေဘေး၊ ရေဘေးမှ အကာအကွယ်ရနိုင်သည့် တာပေါင်များအဖြစ် ခိုလှုံအသုံးပြုနိုင်မည် ဖြစ်သည်။

မြင်းကကုန်းတံတား

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်သွားမည့် တံတားစီမံကိန်းများမှာ မအူပင်မြို့မှ မော်လမြိုင်ကျွန်းမြို့သို့ ရာသီမရွေး လွယ်ကူစွာသွားလာနိုင်ရေးအတွက် မြင်းကကုန်းမြစ်အား ဖြတ်ကျော်မည့် တံတားစီမံကိန်းနှင့် ရာဇူဒိုင်မြစ်အား ဖြတ်ကျော်မည့် တံတားစီမံကိန်းတို့ ဖြစ်သည်။ ယင်းတံတားများမှာ တစ်လမ်းမောင်း ကားလမ်းတံတားများဖြစ်ကြပြီး မြင်းကကုန်းတံတားမှာ အရှည်ပေ ၅၄၀၊ ယာဉ်သွားလမ်းအကျယ် ၁၆ပေရှိမည်ဖြစ်ပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုတန်၆၀ဖြစ်သည်။

ရာဇူဒိုင်တံတားမှာ အရှည် ၁၈၂၄ဒသမ ၃ပေ၊ ယာဉ်သွားလမ်း အကျယ် ၁၆ပေနှင့် လူသွားလမ်း တစ်ဖက်လျှင် သုံးပေစီရှိမည်ဖြစ်ပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုတန် ၆၀ဖြစ်သည်။

လျင်မြန်စွာရောင်းဝယ်ဖောက်ကား

ယင်းတံတားနှစ်စင်း တည်ဆောက်ပြီးစီးပါက ဧရာဝတီတိုင်း၏ဆန်စပါးနှင့် ရေထွက်ကုန်၊ ဒေသထွက်ကုန်များကို ပြည်နယ်နှင့်တိုင်း ဒေသအသီးသီးသို့ လျင်မြန်စွာ ရောင်းဝယ်ဖောက်ကားနိုင်မည်ဖြစ်ပြီး ဒေသခံတိုင်းရင်းသား ပြည်သူများ၏ စီးပွားရေး၊ လူမှုရေးနှင့် ပညာရေးများကိုပါ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ရှင်းလင်းတင်ပြ

ထို့နောက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနတို့မှ ဝန်ကြီးများက မိမိတို့ဝန်ကြီးဌာနအလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့(၁/၂၀၀၈) ညှိနှိုင်း အစည်းအဝေးတွင် တင်ပြသွားသည့် ဝန်ကြီးဌာနများ၏ ရှင်းလင်းတင်ပြချက်များကို ဆက်လက်ဖော်ပြသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်သွားမည့် တံတားစီမံကိန်းများ

- မအူပင်မြို့မှ မော်လမြိုင်ကျွန်းမြို့သို့ ရာသီမရွေး လွယ်ကူစွာ သွားလာနိုင်ရေးအတွက် မြင်းကကုန်းမြစ်အား ဖြတ်ကျော်မည့် တံတားနှင့် ရာဇူဒိုင်မြစ်အား ဖြတ်ကျော်မည့် တံတားတို့ကို တည်ဆောက်မည်။
- မြင်းကကုန်းတံတားမှာ အရှည်ပေ ၅၄၀၊ ယာဉ်သွားလမ်း အကျယ် ၁၆ပေ ရှိမည်ဖြစ်ပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုတန် ၆၀ဖြစ်။
- ရာဇူဒိုင်တံတားမှာ အရှည် ၁၈၂၄ဒသမ ၃ပေ၊ ယာဉ်သွားလမ်းအကျယ် ၁၆ပေနှင့် လူသွားလမ်း တစ်ဖက်လျှင် သုံးပေစီရှိမည်ဖြစ်ပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုတန် ၆၀ဖြစ်။
- ယင်းတံတားနှစ်စင်း တည်ဆောက်ပြီးစီးပါက ဧရာဝတီတိုင်း၏ ဆန်စပါးနှင့် ရေထွက်ကုန်၊ ဒေသထွက်ကုန်များကို ပြည်နယ်နှင့်တိုင်း ဒေသအသီးသီးသို့ လျင်မြန်စွာ ရောင်းဝယ်ဖောက်ကားနိုင်မည်ဖြစ်ပြီး ဒေသခံတိုင်းရင်းသား ပြည်သူများ၏ စီးပွားရေး၊ လူမှုရေးနှင့် ပညာရေးများပါ ဖွံ့ဖြိုးတိုးတက်လာမည်။

ရဲရွာ ရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းခွင်

မန္တလေးမြို့ အရှေ့တောင်ဘက် ၃၁မိုင်အကွာ ရဲ-ယမန်းရွာအနီး မြစ်ငယ်မြစ်ပေါ်တွင် အမှတ်(၁) လျှပ်စစ် စွမ်းအားဝန်ကြီးဌာနမှ တည်ဆောက် အကောင်အထည် ဖော်လျက်ရှိသည့် ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်ကို ဤသို့ အပေါ်စီးမှ တွေ့ရသည်။

(ဓာတ်ပုံ-မှတ်တမ်း-မြန်မာ့အလင်း)



ဘာတွေဘယ်လိုလုပ်မယ်လို့ စဉ်းစားနေသလဲ

မိပြည့်ချစ်

အမေရိကန်သမ္မတ ရွေးကောက်ပွဲကြီးပြီးသွားပြီ။ အမေရိကန်ပြည်သူတွေရဲ့ ဆန္ဒကို အောင်မြင်စွာဖော်ထုတ်ပြနိုင်ခဲ့ပြီ။ အားလုံးက အကောင်းတွေ ဖြစ်ပေါ်လာဖို့ မျှော်လင့်လျက်ရှိကြပါတယ်။

အမေရိကန်ပြည်ထောင်စုဟာ ပြည်နယ်(၅၀)ရှိပြီး လူမျိုးပေါင်းများစွာသော ကမ္ဘာ့နိုင်ငံအသီးသီးက လူတွေစုနေကြတာဖြစ်လို့ လူမျိုးစုံနိုင်ငံလို့လဲ ခေါ်ဆိုနိုင်ပါတယ်။ အမေရိကန်မှာ ဝင်ရောက်နားခိုတဲ့ တစ်ရာ့တစ်ပါးသော လူမျိုးတွေဟာ အမေရိကန်နိုင်ငံသားခံပြီးရင် ဒီနိုင်ငံရဲ့ အခွင့်အရေးတွေကို ရယူနိုင်သလို တာဝန်နဲ့အခွန်တွေကိုလည်း ထမ်းကြရမှာဖြစ်ပါတယ်။ သို့သော် ဘယ်လိုပဲ အမေရိကန်နိုင်ငံသားအဖြစ် ခံယူကြပါစေ၊ မူလနဂိုပင်ရင်း လူမျိုးစု၊ ဓလေ့ရိုးရာယဉ်ကျေးမှု၊ နိုင်ငံ၊ အဘိုး၊ အဘွား၊ မိဘဆွေမျိုး စတာတွေကို မေ့ဖျောက်ပစ်လောက်အောင်တော့ စိတ်ဓာတ်မပြောင်းနိုင်ကြပါဘူး။ ဆိုလိုတာက မြန်မာတစ်ယောက်ဟာ အမေရိကန်ရောက်လို့ အမေရိကန်နိုင်ငံသားခံယူသွားပေမယ့် စိတ်ဓာတ်နဲ့ ခံယူချက်ကတော့ "မြန်မာ"မှ "မြန်မာ"ပါပဲ။ သွေးသားကလည်း မြန်မာသွေးသားစစ်စစ်ပဲ မဟုတ်လား။

ဒါကြောင့် မြန်မာပြည်က ထွက်ခွာသွားခဲ့ကြတဲ့ မြန်မာတိုင်းရင်းသားတွေ သာမက အိန္ဒိယနဲ့ တရုတ်လူမျိုးတွေပါ နှစ်စဉ် သင်္ကြန်ချိန်တိုင်း အလွမ်းပြေ သင်္ကြန်ပွဲ လုပ်ကြလေ့ရှိပါသတဲ့။ ဒီလိုပဲ ကိုရီးယား၊ ဂျပန်၊ ဗီယက်နမ်၊ ထိုင်းတွေလည်း သူ့ရိုးရာနဲ့သူရှိကြမှာပါ။ ကိုယ့်ရေ၊ ကိုယ့်မြေ၊ ကိုယ့်ဒေသနဲ့ ကိုယ့်ဆွေ၊ ကိုယ့်မျိုး၊ ကိုယ့်ရိုးရာဓလေ့ကိုတော့ ဘယ်ပစ်ပယ်နိုင်ကြပါ့မလဲ။

"လက်သည်းဆိတ်တော့- လက်ထိပ်နာ"

"သွေးမနီးရင်- ကြက်သီးမထ"

"အရေးကြီး- သွေးနီး"

ဆိုတဲ့စကားတွေကိုလည်း သတိပြုသင့်ပါတယ်။ **ဘယ်နေရာ ဘယ်ဒေသ ရောက်ရောက် အမျိုးချစ် စိတ်ဓာတ်၊ ပြည်ချစ်စိတ်ဓာတ် ရှိနေကြတာကတော့ သိပ်ကိုသချာလှပါတယ်။ ပြည်ပမှာရောက်နေတဲ့ မြန်မာနဲ့ ပြည်တွင်းမှာရှိနေတဲ့ မြန်မာတွေအားလုံးမှာ ကျန်တာတွေမတူနိုင်တော့ရင်တောင် မျိုးချစ်စိတ်ဓာတ် အခံချင်းတော့ တူညီနေကြမယ်လို့ ယုံကြည်မိပါတယ်။ ဒီမျိုးချစ်စိတ်ဓာတ်ကို အခြေခံပြီး တစ်ယောက်တစ်လက် တစ်အားနဲ့ နိုင်သလောက် မျှယူရွက်ထမ်းကြမယ်ဆိုရင် အနာဂတ် မြန်မာပြည်ဟာ သာယာလှပပြီး သားစဉ်မြေးဆက် မျိုးဆက်သစ်ကလေးတွေရဲ့ ပျော်ရွှင် ဟစ်ကြွေးသံတွေကို နားဝင်ပီယံချိုအေးစွာ ခံစားခွင့်ရနိုင်လိမ့်မယ်လို့ မျှော်လင့်မိပါတယ်။**

ယခုအချိန်ဟာ အဝေးကနေပြီး ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးကို ချိုးချိုးဖွဲ့ဖွဲ့ ပြစ်တင် ပုတ်ခတ်နေရမယ့်အချိန် မဟုတ်တော့ပါဘူး။ ဘယ်အရပ် ဘယ်ဒေသရောက်ရောက် ကိုယ်ဟာ "မြန်မာ"ဆိုတာ မမေ့ကြဖို့ လိုပါတယ်။ ကိုယ့်နိုင်ငံမှာ ငတ်ပြတ် ဆင်းရဲမွဲတေနေတဲ့အဖြစ် မမြင်လို၊ မတွေ့လိုကြရင် တစ်ဦးနဲ့တစ်ဦး အပြစ်တင်စကားတွေအစား မျိုးချစ်စိတ်ဓာတ်အရင်းခံနဲ့ ကူညီဖေးမ စောင့်ရှောက်ကြရမှာပါ။ ကိုယ့်နိုင်ငံထဲက ရင်သွေးငယ် တစ်ယောက်ကို အခြေခံပညာပဲဖြစ်ဖြစ်၊ ဘဝမှာ အသက်ရှူနိုင်ဖို့ နည်းနည်းပဲဖြစ်ဖြစ် ပံ့ပိုးထောက်ကူဆောင်ရွက်ပေးကြရင် အကျိုးမရှိပေဘူးလား။ နှမ်းတစ်လုံးနဲ့ ဆီမဖြစ်ဘူး ပြောနေမယ့်အစား တန်ဖိုးရှိတဲ့ နှမ်းစေ့လေးတွေထဲမှာ တစ်စေ့အပါအဝင် ဖြစ်စေချင်တာပါပဲ။ **နိုင်ငံရဲ့ အနာဂတ်မျိုးဆက်သစ်တွေကို အုတ်တစ်ချပ်၊ သဲတစ်ပွင့်ဖြစ်လာအောင်၊ အသုံးဝင် တန်ဖိုးရှိတဲ့ လူငယ်လေးတွေဖြစ်လာအောင် စိတ်ရင်းကောင်း စေတနာကောင်းနဲ့ ဝိုင်းဝန်းပံ့ပိုး လုပ်ဆောင်ရမယ့်အချိန်ပါ၊ မြှင့်တင်ကူညီပေးကြရမယ့်အချိန်ပါလို့ ပြောချင်ပါတယ်။**

ကိုယ့်နိုင်ငံရဲ့ အခြေခံကိုထည့်မတွက်ဘဲ တဲပေါ် သွပ်မိုး၊ အုတ်ပတ်ကား ထပ်တင်ဆောက်ဖို့ ကြံစည်နေမယ့်အစား လက်ရှိအခြေအနေမှန်ကို သုံးသပ်ပြီး ဒီတဲလေးကို မယိုင်လဲအောင်၊ သာယာပြီး နေချင်စဖွယ်ဖြစ်အောင် တစ်ယောက် တစ်လက်နဲ့ ဝါးတစ်လုံး၊ နီးတစ်ပြား၊ သက်ငယ်တစ်ပျစ်၊ ထရံတစ်ချပ်၊ အိုးတစ်လုံး၊ ရေတစ်မှုတ်၊ ဖျာတစ်ချပ်ဝိုင်းကူညီလို့ ရနိုင်ပါတယ်။ အဝေးကနေ ပကတိအခြေအနေမှန်နဲ့ ကင်းကွာတဲ့၊ ကိုယ့်အခြေအနေနဲ့ ဘယ်လိုမှ မအပ်စပ်နိုင်တဲ့ စကားကြီးစကားကျယ်တွေ ပြောနေမယ့်အစား လုပ်သင့်တာ ဖြစ်သင့်တာက စတင်နိုင်အောင် နှုတ်၏စောင်မခြင်း၊ လက်၏ စောင်မခြင်းတွေ ရှိသင့်ပါပြီ။

မြန်မာလူမျိုးဆိုတာ သဒ္ဓါကြည်ဖြူ စိတ်နှလုံးကောင်းတဲ့ လူမျိုးပါ။ တစ်ယောက်ဆင်းရဲရင် တစ်ယောက်ကူတတ်တဲ့ဓလေ့ ရှိကြပါတယ်။ သူများ ဒီမိုကရေစီတိုင်း လိုက်ပြီး ပါးစပ်နဲ့ပြော၊ ဝေဖန်ပြစ်တင်နေမယ့်အစား သင်ကိုယ်တိုင် ဘာလုပ်နေလဲ၊ ဘာလုပ်ပြီးပြီလဲဆိုတာ ပြန်သုံးသပ်ကြည့်စေချင်ပါတယ်။ ပြည်တွင်းရော ပြည်ပပါ မြန်မာတိုင်း သုံးသပ်ကြည့်သင့်တဲ့ အချက်ပါပဲ။

ပြည်တွင်းက ကျောင်းသားအရွယ် လူငယ်တစ်ယောက်အနေနဲ့ ဆိုပါစို့၊ ကိုယ့်မိသားစုကိုကူနိုင်ဖို့ အနည်းဆုံးတက္ကသိုလ်ဝင်တန်းက အခြေခံမျဉ်းဖြစ်တဲ့အတွက် ဘယ်လိုအောင်အောင် အရင်လုပ်မလဲ၊ ဒါကိုလူငယ်တွေ စဉ်းစား တွေးခေါ်သင့်ပါပြီ။ မိဘကလည်း "ဒို့မှာစာမတတ်တာ သူတို့ကို မကူနိုင်ဘူး"။ သားသမီးကလည်း "ငါ့မိဘက ဘာမှမသိနားမလည်တာ၊ ငါ့ဘဝ ဘယ်လို တိုးတက်မှာလဲ"ဆိုပြီး တွေဝေငေးမော အားလျှော့နေမယ့်အစား လုပ်နိုင်တာက စလုပ်သင့်ပါတယ်။ တက္ကသိုလ်ဝင်တန်းအောင်ဖို့က မခက်ခဲပါဘူး။ ဘာသာစုံအမှတ်(၄၀)စီရအောင် ကျောင်းသားကလည်း ကြိုးစားနိုင်သလို ဆရာကလည်း ကူနိုင်ပါတယ်။ အများစုအတွက်က အောင်မှတ်ရဖို့ဆိုတာ အလွယ်ကလေးပါ။ ဒါဟာ တကယ်လိုအပ်တယ်၊ ဖြစ်အောင်လုပ်ရမယ် ဆိုတာကို ရင်ထဲ အသည်းထဲက အားစိုက်ကြည့်ပါ။ မဖြစ်နိုင်စရာမရှိပါဘူး။ မြင်းမိုရ်တောင်ကြီးကျော်ခိုင်းတာ၊ ဓားတောင်ကို ဖြတ်၊ မီးပင်လယ်ကိုဖြတ်ခိုင်းတာ မဟုတ်ပါဘူး။ လုပ်နိုင်ရမယ်။ လုပ်နိုင်မှာပါ။ အမေရိကန်သမ္မတသစ် အိုဘားမား ပြောသလို "We can, We can"ပါပဲ။ လုပ်ချင်ရင်လုပ်နိုင်ပါတယ်။ ကိုယ့်စိတ်ဆန္ဒအဓိကပါပဲ။ ဆန္ဒရှိရင် ဘာမှ အတားအဆီး အခက်အခဲမရှိ ကျော်လွှားနိုင်ပါတယ်။

ကိုယ့်မြန်မာနိုင်ငံဟာ ဒုတိယကမ္ဘာစစ်ဒဏ်ခံရတဲ့ စစ်ပြီးကာလ ပြာပုံဘဝက စတင်ထူထောင်လာခဲ့ရတဲ့ နိုင်ငံပါ။ "လွတ်လပ်ရေး"ဆိုတာကိုလည်း ကိုယ့်အင်ကိုယ့်အားနဲ့မရရအောင်တိုက်ယူခဲ့ရတာပါပဲ လွတ်လပ်ရေးရပြီးနောက် ရောင်စုံသူပုန်ကာလမှာလည်း ပြေးရင်းလွှားရင်း ခယောင်းတောတွေကို ကိုယ့်အားကိုယ်ကိုးပြီး ဖြတ်ကျော်နိုင်ခဲ့တာပါပဲ။ ၁၉၉၀ပြည့်လွန်နှစ်တွေမှာလည်း ဂဂအရေးအခင်းဆိုတဲ့ အခြေအနေဆိုးတွေကို ကျော်လွှားပြီး တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ စီးပွားရေးလုပ်ငန်းတွေ ထူထောင်အောင်မြင်လာခဲ့ကြတာပါ။ အခုနောက်ဆုံး နာဂစ်ကိုလည်း စုပေါင်းအားနဲ့ ကျော်လွှားဆဲပါ။ "မည်သူတွေကူသည်ဖြစ်စေ၊ မကူသည်ဖြစ်စေ" ကိုယ့်ခွန် ကိုယ့်အားနဲ့ ရန်းကန် နိုးထအောင်မြင်မှုရယူခဲ့ရတာ အကြိမ်ကြိမ် မော်ကွန်းတင်နိုင်ခဲ့ပြီးပါပြီ။

နိုင်ငံရဲ့ အနာဂတ်မျိုးဆက်သစ်တွေကို အုတ်တစ်ချပ်၊ သဲတစ်ပွင့်ဖြစ်လာအောင်၊ အသုံးဝင် တန်ဖိုးရှိတဲ့ လူငယ်လေးတွေ ဖြစ်လာအောင် စိတ်ရင်းကောင်း စေတနာကောင်းနဲ့ ဝိုင်းဝန်းပံ့ပိုး လုပ်ဆောင်ရမယ့် အချိန်ပါ၊ မြှင့်တင်ကူညီပေးကြရမယ့် အချိန်ပါ။

ဘယ်လမ်းပဲလျှောက်လျှောက် သမ္မာဒိဋ္ဌိကစတဲ့ မဂ္ဂင်လမ်း လိုပါတယ်။ အမြင်တွေမှားနေတယ်ဆိုရင် စံပြနမူနာအနေနဲ့ ဒုက္ခပင်လယ်ဝေနေတဲ့ အီရတ်၊ ဆင်းရဲ ဒုက္ခတွေနဲ့ ရင်ဆိုင်နေရဆဲ တောင်အာဖရိကနိုင်ငံတွေ၊ ဒါတွေကို မြင်တတ်ဖို့ လိုပါတယ်။

အားလုံးဟာ အသိအမြင်ပညာတွေ၊ စဉ်းစားဆင်ခြင်မှုတွေ၊ စည်းလုံးညီညွတ်မှုတွေ၊ စိတ်ဝမ်းမကွဲဘဲ အမျိုးကိုချစ်စိတ်တွေ၊ ပုဂ္ဂလိက အမြင်အမုန်းတွေအစား အများအကျိုး ဆောင်ရွက်လိုစိတ်တွေရှိဖို့ အဓိက လိုအပ်ပါတယ်။

မီးလောင်ရင်၊ ရေကြီးရင်၊ လေမုန်တိုင်းမိရင်၊ အန္တရာယ်တွေကြုံတွေ့ရင် ကိုယ့်လူမျိုးအားလုံးက မျိုးချစ်စိတ်အပြည့်နဲ့ တစ်ယောက်တစ်လက် ပါဝင်ကူညီပြီးသားပါ။ လှည်းနေလှေအောင်း မြင်းဖောင်းမကျန်၊ ရဟန်းရှင်လူ၊ ကလေး၊ လူကြီးပါမကျန် တစ်နိုင်တစ်ပိုင် ကိုယ့်အသိနဲ့ကိုယ် ကူညီခဲ့ကြတာတွေ အစဉ်အလာ ရှိပြီးသားပါ။

ဒါကြောင့် ရှေ့ဆက်ရမယ့်ခရီးကို အားလုံးအသိနဲ့ယှဉ်ပြီး စဉ်းစားဆင်ခြင် ဆောင်ရွက်ကြပါစို့။ ကိုယ့်အရေးထက် နောင်လာမယ့် အပြစ်မဲ့ကလေးငယ်များ အရေးကို ထည့်သွင်းစဉ်းစား ဦးစားပေးကြပါစို့။ သူတို့အတွက် စားစရာ ရိက္ခာအခြေခံတွေ၊ နေစရာမြေတွေ၊ အိုးအိမ်တွေ၊ လယ်ကွင်းတွေ၊ သစ်တော သယံဇာတတွေ၊ စက်ရုံအလုပ်ရုံတွေ အစစအသင့်ဖြစ်အောင် ထားပေးကြဖို့လိုပါတယ်။ နေခြည်မှာလင်းလက်လာမယ့် နိုင်ငံရဲ့ အနာဂတ်ပိုင်ရှင် ကလေးများအတွက် အခြေခံပညာတွေ၊ အသက်မွေးပညာတွေ၊ အနာဂတ်ကို ရင်ဆိုင် ကျော်လွှားမယ့် လူ့စွမ်းအားအရင်းအမြစ်တွေ၊ အသိပညာတွေထားပေးရမှာက ကမ္ဘာအနှံ့၊ နေရာအနှံ့မှာ ရှိနေတဲ့ လက်ရှိ လူလတ်ပိုင်းနဲ့ လူကြီးပိုင်းတွေရဲ့ သမိုင်းပေးတာဝန်ပါပဲ။ ကိုယ့်လူမျိုး အချင်းချင်းကို အာဃာတတွေမွေးပြီး သွေးထိုးမြှောက်ပင့်နာကြည်းစရာတွေပြောနေ၊ အပြစ်တင်နေမယ့်အစား၊ အဝေးကရော အနီးကပါ ကိုယ့်နိုင်ငံရဲ့ အနာဂတ်ပျောက်အောင်၊ အခြေအနေ ဆိုးရွားအောင် လုပ်နေကြမယ့်အစား စိတ်ကောင်းကလေးနဲ့ယှဉ်ပြီး စဉ်းစားရင် ကောင်းရာကောင်းကြောင်း၊ အကျိုးရှိရာရှိကြောင်းတွေ လုပ်နိုင်မှာပါ။

အကောင်းတွေလာစေချင်ရင် အကောင်းတွေစဉ်းစားပြီး ဟုတ်သောအကြံ၊ မှန်သောအလုပ်၊ ချိုသောအပြောတွေနဲ့ ဖေးမပြီးသွားကြရအောင်ပါ။ ကိုယ့်အတ္တတွေကိုလျှော့ပြီး ငယ်ရွယ်နုနယ်လန်းဆန်းတဲ့ ချစ်စဖွယ်အနာဂတ်မျိုးဆက်သစ် ကလေးငယ်များရဲ့ မျက်နှာလေးတွေ၊ ကမ်းလင့်လာတဲ့ လက်ကလေးတွေကို "**မြန်မာ**"ပီပီ ကူညီဖေးမရင်း သူတို့အတွက် အနာဂတ် ရွှေပြည်သစ်ကို ဝိုင်းဝန်း တည်ဆောက်ပေးကြရအောင်ပါ။

"We can, We can, We can"

ဘယ်နေရာ ဘယ်ဒေသရောက်ရောက် အမျိုးချစ် စိတ်ဓာတ်၊ ပြည်ချစ်စိတ်ဓာတ် ရှိနေကြတာကတော့ သိပ်ကို သေချာလှပါတယ်။ ပြည်ပမှာ ရောက်နေတဲ့ မြန်မာနဲ့ ပြည်တွင်းမှာရှိနေတဲ့ မြန်မာတွေ အားလုံးမှာ ကျန်တာတွေ မတူနိုင်တော့ရင်တောင် မျိုးချစ်စိတ်ဓာတ် အခံချင်းတော့ တူညီနေကြမယ်လို့ ယုံကြည်မိပါတယ်။ ဒီမျိုးချစ်စိတ်ဓာတ်ကို အခြေခံပြီး တစ်ယောက် တစ်လက် တစ်အားနဲ့ နိုင်သလောက် မျှယူရွက်ထမ်းကြမယ်ဆိုရင် အနာဂတ်မြန်မာပြည်ဟာ သာယာလှပပြီး သားစဉ်မြေးဆက် မျိုးဆက်သစ်ကလေးတွေရဲ့ ပျော်ရွှင်ဟစ်ကြွေးသံတွေကို နားဝင်ပီယံ ချိုအေးစွာ ခံစားခွင့်ရနိုင်လိမ့်မယ်လို့ မျှော်လင့်မိပါတယ်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အီရန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ပြည်ထောင်စုမြန်မာနိုင်ငံတွင် ရောက်ရှိနေသော အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး H.E. Mr.Manuchehr Mottaki ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်တို့တက်ရောက်ကြပြီး အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး H.E. Mr.Manuchehr Mottaki ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် လျာထားသူ Mr.Madjid Bizamark လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

လက်ခံတွေ့ဆုံ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အီရန် အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Manuchehr Mottaki အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အီရန် အစ္စလာမ်မစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Manuchehr Mottaki အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာနှင့် အီရန် နိုင်ငံခြားရေးဝန်ကြီးများတွေ့ဆုံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၄

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၏ဖိတ်ကြားချက်အရ အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Manuchehr Mottaki ခေါင်းဆောင်သည့် အီရန်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ၁နာရီခွဲတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်လေဆိပ်သို့ ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ နိုင်ငံရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

အီရန် နိုင်ငံခြားရေးဝန်ကြီးသည် ညနေ ၃ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းအား နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် အီရန် နိုင်ငံအကြား နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများ၊ ဒေသတွင်းနှင့် နိုင်ငံတကာ အရေးကိစ္စများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအမြင်ချင်းဖလှယ်ကြသည်။

ပို့ဆောင်နှုတ်ဆက်

ညနေပိုင်းတွင် အီရန်ကိုယ်စားလှယ်အဖွဲ့အား ဝန်ကြီး ဦးဉာဏ်ဝင်းက အော်ရီရမ်ပဲလေ့စ်ဟိုတယ်၌ ညစာဖြင့် တည်ခင်းဧည့်ခံသည်။ အီရန်နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Manuchehr Mottaki ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ညပိုင်းတွင် အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားရာ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား အီရန် အစ္စလာမ်မစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Manuchehr Mottaki လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

● *ကျောဖုံးမှ*

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်း၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး မြင့်လှိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဗိုလ်ချုပ်အုန်းမြင့်၊ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ဗိုလ်ချုပ်ကိုကို၊ ဗိုလ်ချုပ်သာအေး၊ ဗိုလ်ချုပ်ခင်ဇော်၊ ဗိုလ်ချုပ်သူရမြင့်အောင်၊ ဗိုလ်ချုပ်လှဌေးဝင်းနှင့် ဗိုလ်ချုပ်မောင်ရှိန်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံး သံရုံးယာယီ တာဝန်ခံ Ms. Sripriya Ranganathan နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ပြန်လည်လိုက်ပါ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် ခေါင်းဆောင်သော အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများလည်း ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း ဗီဟာကမ်းခြေ ဖြတ်ကျော်ဝင်ရောက်မည်

နေပြည်တော် နိုဝင်ဘာ ၁၄

ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်းသည် ဆက်လက်အားကောင်းနေပြီး အနောက်မြောက်ဘက်သို့ တဖြည်းဖြည်း ရွေ့လျားလျက်ရှိရာ ယနေ့မြန်မာစံတော်ချိန် ညနေ၄နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယသမ္မတနိုင်ငံအရှေ့ဘက် (ချင်းနိုင်)မြို့၏ အရှေ့မြောက်ဘက် မိုင်၂၄၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

ဖြတ်ကျော်ဝင်ရောက်မည်

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် ဆက်လက်အားကောင်းလျက် အနောက်မြောက်ဘက်ဆီသို့ တဖြည်းဖြည်းရွေ့လျားမည်ဟု ခန့်မှန်းရသည်။ ယနေ့ညနေမှ နောက်၂၄နာရီအတွင်း အိန္ဒိယသမ္မတနိုင်ငံ အရှေ့ဘက်ရှိ ဗီဟာကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်သွားမည်ဟု ခန့်မှန်းထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ဝါးခယ်မမြို့နယ်အသင်း အာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၁၄

ရန်ကုန်မြို့ရောက် ဝါးခယ်မမြို့နယ်အတွင်းရှိ အထက၊အလက၊ အမကကျောင်းများတွင် ပညာသင်ကြားပေးခဲ့ကြသော အသက်၆၅နှစ်နှင့်အထက် သက်ပြည့်အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား (၁၄)ကြိမ်မြောက် ပူဇော်ကန်တော့ပွဲကို ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်) အသင်းတိုက် အမှတ် ၁၂ ပထမထပ် စဥ့်အိုးတန်းလမ်းတွင် နိုဝင်ဘာ ၃၀ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။

ဝါးခယ်မမြို့တွင် ပညာဆည်းပူးခဲ့ကြသော ကျောင်းသား ကျောင်းသူများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို အသင်းတိုက် ဖုန်း-၂၂၆၅၉၀၊ ဗိုလ်မှူးဖေသိန်း(ငြိမ်း)- ဒေါ်တင်တင်ဝေ ဖုန်း-၀၉-၅၀-၁၂၆၂၀၊ ဦးဝင်းကြွယ် ဖုန်း-၀၉-၅၁-၆၆၁၆၄၊ ဗိုလ်ကြီးသန်းဌေး(ငြိမ်း) ဖုန်း-၀၉- ၅၁-၃၇၁၉၂၊ ဒုတိယဗိုလ်မှူးကြီးမျိုးလွင် (ငြိမ်း) ဖုန်း-၀၉-၈၀-၃၀၉၇၀၊ ဦးသက်ဆွေ ဖုန်း-၇၀၉၆၀၄၊ ဒေါ်ခင်မြင့်ရည် ဖုန်း- ၅၇၉၂၁၉၊ ဒေါ်ခင်အေးမူ ဖုန်း- ၀၉-၅၀-၅၆၉၇၀၊ ဒေါ်ခင်ဆွေရည် ဖုန်း-၃၉၄၂၆၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မလေးရှားအသင်း အကြိုဗိုလ်လုပွဲ တက်ရောက်

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ - ဖိုးသော်ဇင် ❖ စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို (မြန်မာ့အလင်း)

ရန်ကုန် နိုဝင်ဘာ ၁၄

တတိယအကြိမ် Grand Royal Challenge Cup 2008 ဘောလုံးပြိုင်ပွဲ၏ (ခ)အုပ်စု ပွဲစဉ်များကို ယနေ့ ညနေ ၃နာရီခွဲက သုဝဏ္ဏဘောလုံးကွင်းတွင် ဆက်လက် ကျင်းပခဲ့ပါတယ်။ မလေးရှား လက်ရွေးစင်အသင်းနဲ့ အူလ်ဆန် ဟွန်ဒိုင်းကလပ် အသင်းတို့ အရှုံးအနိုင်မပေါ်ဘဲ သရေပွဲဖြစ်သွားပါတယ်။

မလေးရှား လက်ရွေးစင်အသင်း-တစ်ဂိုး။
အူလ်ဆန်ဟွန်ဒိုင်းကလပ်အသင်း-တစ်ဂိုး။

ခံစစ်အသားပေး

အာရှထိပ်သီး တောင်ကိုရီးယား နိုင်ငံ၏ K-League မှ ထိပ်သီးအသင်း တစ်သင်းဖြစ်သော အူလ်ဆန်ဟွန်ဒိုင်း အသင်းကတော့ ပြည်တွင်းပြိုင်ပွဲများ ရှိနေသေး၍ ဘရာဇီး Pro ကစားသမား

“ဗီယက်နမ်ပွဲကို အနိုင်ကစားမှာပါ”
ကင်ဟွမ်ဆို
အူလ်ဆန်ဟွန်ဒိုင်း နည်းပြ

သုံးဦးအပါအဝင် အမာခံအချို့ မပါလာတာကြောင့် လူငယ်ကစားသမားအများစုနဲ့ပဲ ပွဲထွက်လာပါတယ်။ ပထမပွဲမှာ မာဒေးကားချန်ပီယံ ဗီယက်နမ် အိုလံပစ်အသင်းကို ဂိုးပြတ် အနိုင်ရထားတဲ့ မလေးရှားလက်ရွေးစင်အသင်းကတော့ သရေကျလျှင်ပင် အကြိုဗိုလ်လုပွဲသို့ တက်ရောက်မှာဖြစ်တာကြောင့် ခံစစ်ကို အသားပေးကစားခဲ့တာ တွေ့ရပါတယ်။

အကြိုဗိုလ်လုပွဲ

လူငယ်ကစားသမားတွေနဲ့ပွဲထွက်လာတဲ့ အူလ်ဆန်ဟွန်ဒိုင်းကလပ်အသင်းကတော့ ဒီနေ့ပွဲမှာ ထင်သလောက်ခြေစွမ်း မပြနိုင်ခဲ့တဲ့အပြင် နောက်ကလိုက်ကစားခဲ့ရသည်အထိ ဖြစ်ခဲ့ရပါတယ်။ သရေရအောင်ကစားနိုင်ခဲ့တဲ့ မလေးရှားလက်ရွေးစင်အသင်းကတော့ အကြိုဗိုလ်လုပွဲကို စောစီးစွာတက်ရောက်ခွင့်ရသွားခဲ့ပါတယ်။

အူလ်ဆန်ဟွန်ဒိုင်းအသင်းကတော့ ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပေမယ့် အသင်းရဲ့အဓိက ကစားသမားတွေ မပါတာကြောင့် ကစားကွက်ဟာ မမြိုင်ဆိုင်ခဲ့ပါဘူး။ အသင်းကို ဦးဆောင်ပြီး ကစားကွက် ဖော်ပေးနိုင်မယ့်သူ မရှိတဲ့အပြင် ကွင်းလယ်မှာသာ အချိန်ကုန်နေတာကြောင့် တိုက်စစ်ဟာ အလုပ်မဖြစ်ခဲ့ပါဘူး။ မလေးရှားအသင်းကတော့ ဗီယက်နမ်နဲ့ပွဲတုန်းကလိုပဲ ခံစစ်ကို လုံအောင်လုပ်ပြီးမှ တိုက်စစ်ဆင်ကစားခဲ့ပါတယ်။ မလေးရှား တိုက်စစ်ကို အဓိကပုံဖော်ခဲ့တာကတော့ နံပါတ်၁၀ မိုဟာမက်ဆာဖီနဲ့ နံပါတ် ၈အက်ဟက်စ် အဒူပဲဖြစ်ပါတယ်။ ၁၇ မိနစ်မှာ အူလ်ဆန်နောက်တန်းကို ကျော်ထွက်ပြီး နံပါတ်၁၄ ဇမ်ဘရီ အပိုင်ကန်သွင်းပေးမယ့် ဂိုးသမား

“အကြိုဗိုလ်လုပွဲမှာ ဘယ်အသင်းနဲ့ တွေ့တွေ့ ခက်ခဲတဲ့ပွဲစဉ် ဖြစ်လာမှာပါ”
ဆာသီယာနသန်
မလေးရှားနည်းပြ

ရှင်ဂျန်ဘီနဲ့ထိ ထွက်သွားခဲ့ပါတယ်။ မိနစ် ၄၀မှာ အူလ်ဆန်ဟွန်ဒိုင်းအသင်း ဂိုးရနိုင်တဲ့ အပိုင်အခွင့်အရေးရပေမယ့် နံပါတ် ၃၀ ကင်မင် အသုံးမချနိုင်ခဲ့ပါဘူး။

ဒုတိယပိုင်းအစမှာတော့ မလေးရှား ကစားပုံဟာ ပထမပိုင်းထက်ပိုကောင်းလာပြီး ဟွန်ဒိုင်းဂိုးပေါက်ကို ခြိမ်းခြောက်လာနိုင်ပါတယ်။ ဟွန်ဒိုင်းနောက်ခံလူတွေကို ကွင်းလယ်အထိ ဆွဲခေါ်ပြီး တောင်ပံတွေကနေ ဖြတ်တင်ဘောနဲ့ ဂိုးရဖို့ကြိုးစားခဲ့တဲ့ မလေးရှားရဲ့ တိုက်စစ်ကစားပုံဟာ ထိရောက်တယ်လို့ပြောရမှာဖြစ်ပြီး ၆၉မိနစ်မှာ ဦးဆောင်ဂိုးရရှိသွားပါတယ်။ တိုက်စစ်မှူး နံပါတ်၁၀မိုဟာမက်ဆာဖီ ဘယ်ခြမ်းက ဖြတ်ပို့တာကို နံပါတ် ၈ အက်ဟက်စ် အဒူက နောက်ခံလူတစ်ဦးကိုကျော်ပြီး ကန်သွင်းသွားခဲ့တာဖြစ်ပါတယ်။ ဂိုးပေးလိုက်ရလို့ ဟွန်ဒိုင်းအသင်း လူအပြောင်းအလဲလုပ်ပြီး ကစားအားမြှင့်တင်လာခဲ့ပါတယ်။ ချေပဂိုးရဖို့အတွက် ဟွန်ဒိုင်းအသင်းဟာ ကစားပုံပြောင်းပြီး တောင်ပံတွေက ဖြတ်တင်ဘောတွေနဲ့ တိုက်စစ်ဆင်လာခဲ့ပါတယ်။ မိနစ် ၈၀မှာတော့ ဟွန်ဒိုင်းအသင်း ချေပဂိုးပြန်ရသွားပြီး ညာခြမ်းမှ နံပါတ် ၃၂ ကင်ဆောင်မင် ဖြတ်ပို့ဘောလုံးကို နံပါတ် ၇ ကင်ချိုင်ဘီက ခေါင်းတိုက်သွင်းယူခဲ့တာပါ။ အူလ်ဆန်ဟွန်ဒိုင်းအသင်းကတော့ သရေတစ်မှတ် ရခဲ့လို့ နောက်ဆုံးပွဲမှာ သရေကျရုံနဲ့အကြိုဗိုလ်လုပွဲကို တက်ရောက်နိုင်တော့မှာဖြစ်ပါတယ်။

အကောင်းဆုံးဆု

ပွဲအပြီးမှာ အကောင်းဆုံးဆုရ အူလ်ဆန်ဟွန်ဒိုင်းအသင်းမှ နံပါတ်၇ ကင်ချိုင်ဘီကို International Beverages Trading Co., Ltd. မှ Excative Director ဦးတင့်ဦးက ဆုကြေး အမေရိကန်ဒေါ်လာ ၂၀၀ ချီးမြှင့်ခဲ့ပါတယ်။

မလေးရှားအသင်းနည်းပြ ဆာသီယာနသန်က “အကြိုဗိုလ်လုပွဲတက်ဖို့လိုအပ်နေတဲ့ အမှတ်ကို အူလ်ဆန်ဟွန်ဒိုင်းအသင်းဆီက ကျွန်တော်တို့ရယူနိုင်ခဲ့ပါတယ်။ အကြိုဗိုလ်လုပွဲမှာ ဘယ်အသင်းနဲ့တွေ့တွေ့ ခက်ခဲတဲ့ပွဲစဉ်တစ်ခု ဖြစ်လာမှာပါ။ ကျွန်တော်တို့ ရည်မှန်းချက်ကို ရောက်အောင်သွားဖို့ ဆက်လက်ကြိုးစားသွားမှာပါ” ဟု ပြောကြားခဲ့ပါတယ်။

အူလ်ဆန်ဟွန်ဒိုင်းနည်းပြ ကင်ဟွမ်ဆိုက “ပထမပိုင်းမှာ လူငယ်တွေနဲ့ကစားခဲ့လို့ ကစားပုံမကောင်းခဲ့ပေမယ့် ဒုတိယပိုင်းမှာတော့ ကောင်းကောင်းကစားနိုင်ခဲ့ပါတယ်။ မလေးရှားလက်ရွေးစင်အသင်းဟာ အသင်းကောင်းတစ်သင်းဖြစ်လို့ ကျွန်တော်တို့ ခက်ခက်ခဲခဲ ကစားခဲ့ရပါတယ်။ အခုပြိုင်ပွဲဝင်နေတဲ့ အသင်းမှာ ကိုရီးယား ကစားသမားအများစုသာပါဝင်ပြီး ဘရာဇီး Pro ကစားသမားတွေနဲ့ လက်ရွေးစင်ကစားသမားတွေ မပါဝင်ပါဘူး။ ဗီယက်နမ်နဲ့ပွဲကိုတော့ အနိုင်ရအောင် ကစားသွားမှာပါ”လို့ ပြောကြားခဲ့ပါတယ်။

အပြိုင်

ယနေ့ပွဲအပြီးမှာ (ခ)အုပ်စု၌ မလေးရှားအသင်းက ပွဲကုန် နှစ်ပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲသရေ လေးမှတ်နဲ့ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်ပြီး နောက်တစ်နေရာအတွက် တစ်ပွဲကစားထားပြီး တစ်မှတ်ရထားတဲ့ အူလ်ဆန်ဟွန်ဒိုင်းအသင်းနဲ့ အမှတ်မရသေးတဲ့ ဗီယက်နမ်အိုလံပစ်အသင်းတို့ အပြိုင်လုရမှာဖြစ်ပါတယ်။

ယနေ့ပွဲ

ညနေ ၃နာရီခွဲ

အုပ်စု (က)

အင်ဒိုနီးရှားလက်ရွေးစင်နှင့်
မြန်မာ့လက်ရွေးစင်။

(မြန်မာ့အလင်း)

ဤကဲ့သို့ ဂိုးရရှိရေး ကြိုးပမ်းနေသည့် အူလ်ဆန်ဟွန်ဒိုင်းတိုက်စစ်မှူး။

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် နိုဝင်ဘာ ၁၄

ဆင်ပေါင်ဝဲမြို့နယ်အသင်းသက်ကြီးပူဇော်ပွဲ

ဆင်ပေါင်ဝဲမြို့နယ်အသင်း(ရန်ကုန်)သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို နိုဝင်ဘာ၁၅ရက်(စနေနေ့)နံနက်၉နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ နေနတ်သားစာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။

ဘတ်စကက်ဘောပြိုင်ပွဲကျင်းပမည်

မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်နှင့် Horizon Sports Academy တို့ ပူးပေါင်းကျင်းပမည့် စတုတ္ထအကြိမ်မြောက် Horizon Streetball (Basketball) ပြိုင်ပွဲ(၂၀၀၈)ကို နိုဝင်ဘာ၂၉၊ ၃၀ရက်၊ ဒီဇင်ဘာ၆နှင့် ၇ရက်များတွင် Horizon International Centre ၌ ကျင်းပမည်ဖြစ်သည်။

အင်ဂျင်နီယာအသင်းစာတမ်းဖတ်ပွဲ

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း စွမ်းအင်နှင့်ပြန်ပြည့်မြဲစွမ်းအင်ကော်မတီက ကြီးမှူးကျင်းပသော စွမ်းအင်နှင့်ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ စာတမ်းဖတ်ပွဲ(၀၉/၂၀၀၇-၂၀၀၈)ကို ရန်ကုန်မြို့ တက္ကသိုလ်များ(လှိုင်နယ်မြေ)လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ(Seminar Room)မြေညီထပ်၌ နိုဝင်ဘာ ၁၅ရက်(စနေနေ့) မွန်းလွဲ၂နာရီမှ ညနေ၄နာရီခွဲအထိ ကျင်းပမည်ဖြစ်သည်။

အထက(၃)ဗိုလ်တထောင် အာစရိယပူဇော်ပွဲ

အထက(၃) ဗိုလ်တထောင် ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို ဒီဇင်ဘာ ၁၄ ရက် (တနင်္ဂနွေနေ့)တွင် အထက(၃) ဗိုလ်တထောင် သစ္စာခန်းမ (သစ်သားကျောင်းဆောင်)တွင် ကျင်းပမည် ဖြစ်သည်။

ရန်ကုန်တိုင်းကျောင်းပေါင်းစုံ ကြက်တောင်ရိုက်ပြိုင်ပွဲ

အမှတ် (၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့)နှင့် မြန်မာနိုင်ငံ ကြက်တောင်ရိုက်အဖွဲ့ချုပ်တို့ ပူးပေါင်း၍ ဂရိတ်ဝေါ ဆေးဝါးထုတ်လုပ်ရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းမှ ပံ့ပိုးကူညီသည့် ၂၀၀၈ ခုနှစ် ရန်ကုန်တိုင်း အခြေခံပညာကျောင်းပေါင်းစုံ ကြက်တောင်ရိုက်ပြိုင်ပွဲကို နိုဝင်ဘာ ၆ ရက်မှ ၁၀ ရက်အထိ ရန်ကုန်မြို့ရှိ အမျိုးသား ကြက်တောင်အားကစားခန်းမ၌ ကျင်းပခဲ့သည်။

မြန်မာပြည်ပန်းချီအသင်းနှစ် (၉၀)ပြည့်အထိမ်းအမှတ်ပွဲ

မြန်မာပြည် ပန်းချီအသင်းကြီးဖွဲ့စည်းခဲ့သည့် နှစ် (၉၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင် များအစည်းအရုံး(ဗဟို) အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁၃ ရက်က ကျင်းပခဲ့ပြီး အထိမ်းအမှတ်ပွဲကို ဒီဇင်ဘာ နောက်ဆုံးပတ်၌ကျင်းပမည်ဖြစ်သည်။ (မြန်မာ့အလင်း)

စုစည်းရေးသားသူ - အထက်မင်းလှညွန့်အောင်

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

တင်တင်ဝင်း ကိုးကားတင်ပြသည်

စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရောဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်

ရန်ကုန် နိုဝင်ဘာ ၁၄

နိုဝင်ဘာ ၁၄ ရက်က မြန်မာနိုင်ငံ၏ရာသီဥတုဖြစ်စဉ်ကိုဖော်ပြရလျှင် ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။

ညအပူချိန်များမှာ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီ စင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့၌ နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်၊ ၆ ဒီဂရီစင်တီဂရိတ်အထိ၊ ချင်းပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်အောက် ၇ ဒီဂရီ စင်တီဂရိတ် လျော့နည်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **(ထူးခြားသည့် ညအပူချိန်များမှာ လွိုင်လင်မြို့တွင် ၀ ဒီဂရီ စင်တီဂရိတ်နှင့် ဟားခါးမြို့တွင် ၁ဒီဂရီ စင်တီဂရိတ်ဖြစ်သည်။)**

နိုဝင်ဘာ ၁၅ရက် **(ယနေ့)** ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုကိုခန့်မှန်းရပါက ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ကာ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့် အတင့်ဖြစ်ထွန်းမည်။

နိုဝင်ဘာ ၁၅ရက် **(ယနေ့)** နေပြည်တော်နှင့် မန္တလေးတွင် အများအားဖြင့်သာယာပြီး ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်၌ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ယမန်နေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲ တိုင်းတာချက်အရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းသည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားလာပြီး ပိုမိုအားကောင်းလာကာ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ရောက်ရှိလာသည်။ အဆိုပါမုန်တိုင်းသည် ဆက်လက်အားကောင်းလာကာ အိန္ဒိယနိုင်ငံ အရှေ့ဘက်ကမ်းရှိ ချင်းနိုင်မြို့၏အရှေ့ဘက် မိုင်၂၇၀အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

ဖြတ်ကျော်ဝင်ရောက်

အဆိုပါဆိုင်ကလုန်းမုန်တိုင်းသည် အနောက်မြောက်ယွန်းယွန်းသို့ ဆက်လက်ရွေ့လျားသွားပြီး နောက် ၃၆ နာရီအတွင်း အိန္ဒိယနိုင်ငံ အင်ဒရာပရာဒက်ရှ်ကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းထားသည်။

ကပ္ပလီပင်လယ်ပြင်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်း၍ ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ထူထပ်နေသည်။ မြန်မာ့ပင်လယ်ပြင်တွင်မူ လှိုင်းအသင့်အတင့်ရှိမည် ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ထူးခြားသည့်အပူချိန်

လွိုင်လင်-၀ ဒီဂရီစင်တီဂရိတ်
ဟားခါး-၁ ဒီဂရီစင်တီဂရိတ်

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ထုတ်ပြန်ချက်

ဘောလုံးပွဲကွင်းဝင်ကြေး ပြောင်းလဲသတ်မှတ်

ရန်ကုန် နိုဝင်ဘာ ၁၄

ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းတွင်ကျင်းပလျက်ရှိသည့် တတိယအကြိမ် Grand Royal Challenge Cup 2008 ဘောလုံးပြိုင်ပွဲကို မြန်မာဘောလုံးပရိသတ်များ စျေးနှုန်းသက်သာစွာဖြင့် အားပါးတရ ကြည့်ရှုအားပေးနိုင်ရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ကွင်းဝင်ကြေးများ ပြောင်းလဲသတ်မှတ်လိုက်သည်။

ကွင်းဝင်ကြေးအဖြစ် အထူးတန်း ကျပ်တစ်ထောင်နှင့် ရိုးရိုးတန်း ကျပ် ငါးရာသို့သတ်မှတ်လိုက်ပြီး နိုဝင်ဘာ ၁၅ ရက်တွင်ကျင်းပမည့် မြန်မာ-အင်ဒိုနီးရှား ပွဲစဉ်မှစ၍ ကျန်ပွဲများအားလုံးကို ယင်းနှုန်းထားဖြင့် လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

တိုရ စွာန်ဆေးကု ဆရာဝန်များအသင်းစည်းဝေးမည်

ရန်ကုန် နိုဝင်ဘာ ၁၄

မြန်မာနိုင်ငံ တိုရစ္စာန်ဆေးကု ဆရာဝန်များအသင်း၏ ၂၀၀၈ခုနှစ် နှစ်ပတ်လည် အစည်းအဝေးကို နိုဝင်ဘာ ၂၃ရက်နှင့် ၂၄ ရက်တို့တွင် နေပြည်တော် ပျဉ်းမနားရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌ ကျင်းပမည်ဖြစ်ကြောင်း၊ ပညာရပ်ဆိုင်ရာ စာတမ်းများဖတ်ခြင်းနှင့် မွေးမြူရေး ဆိုင်ရာ အစာ၊ ဆေးဝါးကုမ္ပဏီများ ပြခန်းများ ဖွင့်လှစ်ရောင်းချခြင်းတို့အပြင် သက်ကြီးဆရာကြီး ဆရာမကြီးများအား ပူဇော်ပွဲကိုလည်း တစ်ပါတည်း ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ကြီးကြာနီတို့ကလပ်ရဲ့အနာဂတ်

မောင်မောင်မြင့်ဆွေရေးသား၍ မြင့်စိုး(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်။

လန်ဒန် နိုဝင်ဘာ ၁၄

ပရီမီယာလိဂ်ထိပ်တန်းအသင်းတွေရဲ့ ပြိုင်ဆိုင်မှုဟာ တဖြည်းဖြည်းနဲ့ အရှိန်အဟုန်မြင့်လာပြီဖြစ်လို့ ပွဲတိုင်းနိုင်ပွဲရရေးအတွက် နည်းပြနဲ့ ကစားသမားတွေ ကြိုးစားနေတဲ့အချိန်မှာ လီဗာပူးအသင်းပိုင်ရှင်တွေကတော့ ခေါင်းခဲစရာပြဿနာနဲ့ ကြုံတွေ့နေရပြီ ဖြစ်ပါတယ်။

အကျပ်ရိုက်နေ

လီဗာပူးအသင်းပိုင်ရှင်တွေဖြစ်တဲ့ အမေရိကန်နိုင်ငံသား တွမ်ဟစ်စ်နဲ့ ဂျော့ဂီးလက်တို့နှစ်ဦး လီဗာပူးအသင်းကို ဝယ်ယူခဲ့စဉ်က ဘဏ်ချေးငွေတွေနဲ့ ဝယ်ယူခဲ့တာဖြစ်လို့ အခုအချိန်မှာ ပြန်ဆပ်ဖို့ ရက်ပြည့်နေပြီဖြစ်တဲ့အတွက် ဘဏ်က တရားဝင် အကြောင်းကြားစာ ပေးပို့ထားပြီဖြစ်တာမို့ နှစ်ဦးသား အကျပ်ရိုက်နေကြပြီ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဇူလိုင်လကတည်းက ချေးငွေပြန်ဆပ်ဖို့ ရက်ချိန်းပြည့်ခဲ့ပေမယ့် လူမှုရေးအရ အသနားခံစာတင်ပြီး မေတ္တာရပ်ခံခဲ့တာမို့ ပြန်ဆပ်ဖို့အချိန် ခြောက်လထပ်ဆွဲထားနိုင်ခဲ့ပါတယ်။ အခုတော့ အဲဒီအချိန်ခြောက်လလည်း ပြည့်ခဲ့ပြီလို့ ဘဏ်ကနေ တရားဝင် သတိပေးစာ ပေးပို့ထားပါတယ်။

လီဗာပူးအသင်းပိုင်ရှင် ဂျော့ဂီးလက်။

တွေက တွင်တွင်ပြောကြားနေပြီး ဘဏ်ကိုချေးငွေပြန်ဆပ်ရမယ့် နောက်ဆုံးရက်ကို ထပ်မံရွှေ့ဆိုင်းခွင့်ပေးဖို့ ကြိုးစားသွားမယ်လို့ ဆိုပေမယ့် ရှိုင်ရယ်ဘဏ်က အဲဒီအခွင့်အရေးပေးခဲ့ပြီးဖြစ်လို့ ထပ်မံမပေးနိုင်တော့ဘူးလို့ ဆိုနေပါတယ်။

နည်းလမ်းနှစ်သွယ်

လီဗာပူးအသင်းရဲ့ လက်ရှိဘဏ္ဍာငွေ အနေအထားကတော့ ဘောလုံးသမားတွေရဲ့ လုပ်ခလစာပေးဖို့တောင် အနိုင်နိုင်ကြိုးစားနေရတဲ့အခြေအနေ ရောက်ရှိနေပါတယ်။ ပရီမီယာလိဂ်ဘောလုံးအသင်းတွေရဲ့ ဘဏ္ဍာရေးဆိုင်ရာ အကျိုးဆောင်ပေးနေသူတွေကတော့ လီဗာပူးအသင်းဟာ နည်းလမ်းနှစ်သွယ်ကို စဉ်းစားဆုံးဖြတ်ရမှာဖြစ်ကြောင်း၊ အဲဒီနည်းလမ်းတွေကတော့ ငွေကြေးများများရနိုင်တဲ့ နာမည်ကြီးဘောလုံးသမားတွေကို ရောင်းထုတ်ပြီး အကြွေးဆပ်တဲ့နည်းနဲ့ နောက်တစ်နည်းကတော့ လီဗာပူးအသင်းကို အပြီးအပိုင်ရောင်းချခြင်းဆိုတဲ့ နည်းလမ်းတွေပဲဖြစ်တယ်လို့ ဆိုနေကြပါတယ်။

ထိခိုက်သွားမှာဖြစ်

လီဗာပူးအသင်းကို ချေးငွေပေးထားတဲ့ စကော့တလန်က ရှိုင်ရယ်ဘဏ်ကတော့ အသင်းကိုရောင်းချဖို့ပဲ တိုက်တွန်း နေပါတယ်။ တကယ်လို့ ငွေကြေးများများရနိုင်တဲ့ နာမည်ကြီးထိပ်တန်းဘောလုံးသမားတွေကို ထုတ်ရောင်းလိုက်ရင်တော့ ငွေကြေးရပေမယ့် အသင်းရဲ့ အောင်မြင်မှုတွေ ထိခိုက်သွားမှာဖြစ်တဲ့အပြင် အသင်းရဲ့ ဂုဏ်သိက္ခာကိုလည်း ကျဆင်းသွားစေမှာ ဖြစ်တာမို့ အဲဒီနည်းလမ်းကိုတော့ မသုံးသင့်ဘူးလို့ ဘောလုံးကလပ်တွေရဲ့ ငွေကြေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်တဲ့ ဆေမူယာဟာရစ်က ပြောကြားလိုက်ပါတယ်။

ထပ်မံမပေးနိုင်

လောလောဆယ်မှာ လီဗာပူးအသင်းကို ရောင်းချမှာမဟုတ်ဘူးလို့ ပိုင်ရှင်

လီဗာပူးအသင်း၏ ထိပ်တန်းဘောလုံးသမားများဖြစ်သည့် ဂျရတ်(ယာ)နှင့် တောရက်စ်(ဝဲ)တို့အားတွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဆွေးနွေးခဲ့

တကယ်တော့ လီဗာပူးအသင်းပိုင်ရှင်တွေက ဒီပြဿနာကို ကြိုတင်တွက်ချက်ခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့် ပြီးခဲ့တဲ့ သီတင်းသုံးပတ်က အသင်းကိုရောင်းချရေးအတွက် အရှေ့အလယ်ပိုင်းဒေသက ရေနံသူဌေးတစ်ဦးနဲ့ဆွေးနွေးခဲ့ပါတယ်။ အဲဒီလူကတော့ ဒူဘိုင်းစော်ဘွား ရှိတ်မိုဟာမက်ဘင်ရာရှစ်အယ်မက်တွမ်ပဲ ဖြစ်ပါတယ်။ သူကတော့ ရှင်းပါတယ်။ လီဗာပူးအသင်းကို ပေါင်ငွေသန်း၅၀၀ပဲပေးခဲ့ပြီး ဂျော့ဂီးလက်တို့က ငွေထပ်မံတောင်းဆိုမှုကို ထပ်မတိုးပေးခဲ့တာကြောင့် အရောင်းအဝယ်မဖြစ်ခဲ့ဘူးလို့ ဆိုပါတယ်။ ဒါကြောင့် ဝယ်လက်အသစ်ကို ဂျော့ဂီးလက်တို့ ကျိတ်ပြီးထပ်မံရှာဖွေနေတယ်လို့ သတင်းတွေ ထွက်ပေါ်လာပါတယ်။ လီဗာပူးအသင်းပိုင်ရှင်တွေကို ရက်ထပ်မံတိုးပေးထားလို့ လာမယ့် ဇန်နဝါရီ၂၅ရက်အထိတော့ လှုပ်ရှားခွင့်ရနေပါဦးမှာဖြစ်ပါတယ်။ ဒါကြောင့် လီဗာပူးအသင်းကိုရောင်းချဖို့အတွက် ပြင်ဆင်ဖို့အချိန်ရက်ပိုင်းတော့ ရှိနေပါသေးတယ်။

ဆန့်ကျင်ကန့်ကွက်

ဒီလို အခြေအနေမျိုးတွေနဲ့ ရင်ဆိုင်နေတဲ့အချိန်မှာ လီဗာပူးရဲ့ အမာခံဘောလုံးသမားတွေဖြစ်တဲ့ တောရက်စ်၊ ဂျရတ်တို့လို ဈေးကောင်းရနိုင်တဲ့ ကစားသမားတွေကို ရောင်းချဖို့ဆိုပြီး အသံတွေထွက်ပေါ်လာတာမို့ လီဗာပူးပရိသတ်တွေရဲ့ ဆန့်ကျင်ကန့်ကွက်မှုစာတွေ ပလူပျံ့အောင်ရောက်ရှိခဲ့တယ်လို့ ဆိုပါတယ်။ ဒီသတင်းကြောင့် ဘောလုံးသမားတွေ စိတ်ဓာတ်ပျက်ပြားပြီး ပြိုင်ပွဲရလဒ်တွေ ထိခိုက်စေနိုင်တာမို့ နည်းပြဘင်နီတက်ဇ်လည်း စည်းရုံးရေးတွေနဲ့ ကစားရှိန်မပျက်အောင် ထိန်းပေးနေရတဲ့ အခြေအနေ ရောက်ရှိနေပါတယ်။

မရောင်းမဖြစ်

လီဗာပူးအသင်းပိုင်ရှင် ဂျော့ဂီးလက်တို့ကတော့ အသင်းကို မရောင်းမဖြစ် ရောင်းချရတော့မှာပါ။ ဒီလိုရောင်းချဖို့အတွက်လည်း ရက်ပိုင်းအတွင်း ကြိုးစားရမှာဖြစ်တာမို့ ကြီးကြာနီတို့ရဲ့ အနာဂတ်ဟာ ဘယ်လိုဖြစ်လာမလဲဆိုတာ စောင့်ကြည့်ရတော့မှာပဲ ဖြစ်ပါကြောင်း။ ။

(ကိုးကား-အင်တာနက်)

စပါးအသင်းနည်းပြဟောင်း ဂျူအန်ဒီရာမို့စ်အား ရီးရဲမက်ဒရစ်အသင်းက လိုလားလျက်ရှိဟုဆို

မက်ဒရစ် နိုဝင်ဘာ ၁၄

ဝေဖန်မှုများခံနေရသော ရီးရဲမက်ဒရစ်နည်းပြ ဘန်ရှူးစတားနည်းပြအဖြစ်မှ နုတ်ထွက်သွားခဲ့ပါက ဂျူအန်ဒီရာမို့စ်(အောက်ပုံ)သည် ရီးရဲမက်ဒရစ်နည်းပြ ဖြစ်လာဖွယ်ရှိကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ရေပန်းစားနေ

လွန်ခဲ့သော သီတင်းသုံးပတ်က စပါးနည်းပြအဖြစ်မှ နုတ်ထွက်ခဲ့သူ ဂျူအန်ဒီရာမို့စ်သည် စပိန်ဘောလုံးအင်အားကြီး အသင်းကြီးတစ်သင်းဖြစ်သည့် ရီးရဲမက်ဒရစ်အသင်း၏ နည်းပြဖြစ်လာရန် ရေပန်းစားနေခဲ့ကြောင်း ဆန်းစပို့ထ်သတင်းစာက ဖော်ပြသည်။

ကျော်ကြားလျက်ရှိ

ရာမို့စ်အနေဖြင့် အင်္ဂလိပ်ပရီမီယာလိဂ်တွင် အောင်မြင်မှုမရသော်လည်း ဆီဗီလာအသင်းအား အိမ်ကွင်းနှင့်အဝေးကွင်းတွင် အသာစီးမှ ကစားနိုင်ခဲ့ပြီးနောက် ၎င်း၏ဂုဏ်သတင်းမှာ စပိန်တွင် ကျော်ကြားလျက်ရှိသည်ဟုဆိုသည်။

လွဲခဲ့ရ

ရီးရဲမက်ဒရစ် အသင်းသည် နိုဝင်ဘာ ၁ရက်က ကစားခဲ့သော စပိန်ဖလားတွင် အဝေးဂိုးဆုံးဖြတ်ချက်ကြောင့် ဆုဖလားနှင့် လွဲခဲ့ရသည်။ ရာမို့စ်အနေဖြင့် ရီးရဲမက်ဒရစ်တွင် နည်းပြဖြစ်လာရန် ဘောင်ဝင်သေးသော်လည်း ဘန်ရှူးစတားအသင်းမှ ထွက်ခွာသွားပါက ဘောလုံးနည်းစနစ်ညွှန်ကြားရေးမှူး မီဂူယယ်လ်အိန်ဂျယ်လ်ပေါ်တူဂယ်လ်သည် ရီးရဲမက်ဒရစ် နည်းပြဖြစ်လာရန် ရေပန်းပိုစားနေသည်ဟုဆိုသည်။ **(အင်တာနက်)**

ဒူးဒဏ်ရာကြောင့် နစ္စတယ်ရွှိုင်း ရာသီကုန်အထိနားရပြီ

မက်ဒရစ် နိုဝင်ဘာ ၁၄

ရီးရဲမက်ဒရစ် တိုက်စစ်မှူးနစ္စတယ်ရွှိုင်း**(အပေါ်ဝဲပုံ)**သည် ဒူးဒဏ်ရာရရှိနေမှုကြောင့် ယခုနှစ် ဘောလုံးရာသီတစ်ခုလုံးအတွက် ကစားနိုင်ဖွယ်မရှိကြောင်း ရီးရဲမက်ဒရစ်ကလပ်မှ နိုဝင်ဘာ ၁၃ရက်၌ သတင်းထုတ်ပြန်သည်။

အနားယူရဖွယ်

အသက် ၃၂နှစ်အရွယ်ရှိပြီဖြစ်သော နစ္စတယ်ရွှိုင်းသည် ဒူးခေါင်းခွဲစိတ်ကုသရမည်ဖြစ်ရာ လိုအပ်သည့်ဆေးစစ်မှုများပြုလုပ်လျက်ရှိသည်။ ဒူးခေါင်းခွဲစိတ် ကုသရမည်ဖြစ်သဖြင့် ခြောက်လ သို့မဟုတ် ကိုးလခန့်ဘောလုံးကစားခြင်းမှ အနားယူရဖွယ်ရှိသည်။

ခွဲစိတ်ကုသမှု

အဆိုပါ ဒူးဒဏ်ရာမှာ ၂၀၀၀ပြည့်နှစ်ကတည်းက ရရှိခဲ့သော ဒဏ်ရာဟောင်းဖြစ်ပြီး မကြာခဏနာကျင်မှုဝေဒနာ ခံစားနေရသဖြင့် ယခုအခါ ခွဲစိတ်ကုသမှုခံယူရမည့် အခြေအနေသို့ ရောက်ရှိနေသည်။ **(အင်တာနက်)**

စာချုပ်အသစ် ထပ်မံချုပ်ဆိုမည့် စီရိုနယ်ဒို။

မန်ယူအသင်းနှင့်စာချုပ်သစ်ချုပ်ဆိုနိုင်ရေး စီရိုနယ်ဒို၏အေးဂျင့် အသင်းနှင့်ဆွေးနွေးမည်

လန်ဒန် နိုဝင်ဘာ ၁၄

မန်ယူဘောလုံးကြယ်ပွင့် စီရိုနယ်ဒို၏အေးဂျင့်က ၎င်းအနေဖြင့် စီရိုနယ်ဒိုစာချုပ်သစ်ထပ်မံချုပ်ဆိုရေးအတွက် မန်ယူအသင်းနှင့် ဆွေးနွေးညှိနှိုင်းမှုပြုလုပ်မည်ဟု အတည်ပြုပြောကြားခဲ့သည်။ မန်ယူအသင်းသားများကလည်း မန်ယူနှင့် ပေါ်တူဂီဘောလုံး အကျော်အမော် စီရိုနယ်ဒိုအား နှစ်ရှည်စာချုပ်ချုပ်ဆိုရန် ကြိုးစားခြင်းဖြင့် ၎င်းအပေါ် ရီးရဲမက်ဒရစ်က ခေါ်ယူရန် စိတ်ဝင်စားနေမှုကို အဆုံးသတ်နိုင်ရန် မျှော်လင့်လျက်ရှိကြသည်။

အတည်ပြုပြောကြား

စီရိုနယ်ဒိုသည် အိုးထရက်ဖို့ဒ်တွင် တစ်ပတ်လုပ်ခလစာပေါင် ၁၇၅၀၀၀ရလိုသည်ဟု သတင်းများတွင်ဖော်ပြသည်။ ကစားသမားတစ်ဦးအနေဖြင့် ၎င်း၏ အဆင့်အတန်းကို မြှင့်တင်ရန်နှင့် အားကစားနယ်ပယ်တွင် ၎င်း၏ စွမ်းဆောင်မှုနှင့် ထိုက်တန်စွာ လုပ်ခလစာ ရရှိလိုသည့်ဆန္ဒမှာ သာမန်ဖြစ်စ်ရိုးဖြစ်စဉ် ဆန္ဒသာဖြစ်ကြောင်း စီရိုနယ်ဒို၏ အေးဂျင့် ဂက်စတီဖူတီက အတည်ပြုပြောကြားခဲ့သည်။ (အင်တာနက်)

ချစ်စိုးနိုင် စုစည်းတင်ပြသည်

၄၆နှစ်အရွယ်ဟိုလီဖီး ကြိုးဝိုင်းအတွင်း ပြန်ဝင်လာ

လပ်ဗီးဂတ်စ် နိုဝင်ဘာ ၁၄

ကမ္ဘာ့ဟဲဗီးဝိတ် ချန်ပီယံဟောင်း အီဗန်ဒါဟိုလီဖီးသည်လက်ဝှေ့လောကသို့ ပြန်လည်ဝင်ရောက်လာပြီး မကြာမီလက်ဝှေ့ပွဲတစ်ပွဲ ထိုးသတ်ရန်စီစဉ်နေကြောင်း သိရသည်။

စီစဉ်ထား

အသက်၄၆နှစ်အရွယ် ရှိနေပြီဖြစ်သော ဟိုလီဖီးသည် ရုရှားလက်ဝှေ့သမား နီကိုလီဗာလုဗ်နှင့် လာမည့် ဒီဇင်ဘာလ ၂၀ရက်၌ ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့၌ ထိုးသတ်ရန် စီစဉ်ထားသည်။ ဟိုလီဖီးသည် ပြီးခဲ့သည့် ၂၀၀၇ခု နှစ်ဆန်းပိုင်းက လက်ဝှေ့သမား ဆူလ်တန်အီဘရာဂီမော့ဗ်နှင့်ထိုးသတ်ရာ ရှုံးနိမ့်ခဲ့ပြီးနောက် တစ်နှစ်အကြာတွင် လက်ဝှေ့ကြိုးဝိုင်းအတွင်း ပြန်လည်ဝင်ရောက်လာခြင်းဖြစ်သည်။ ဟိုလီဖီးအနေဖြင့် အသက် ၄၆နှစ်၌ ဂျော့ဖိုမင်က ဟဲဗီးဝိတ်သရဖူကိုရယူနိုင်ခဲ့သလို မိမိလည်း ရယူနိုင်ကြောင်း ပြသလိုရင်းလည်းဖြစ်သည်။ **(အင်တာနက်)**



တစ်ကျော့ပြန် ဟိုလီဖီး။

စပါးအသင်း ကာလင်းဖလားသရဖူကာကွယ်နိုင်စွမ်းရှိ ခံစစ်မှူး မိုက်ကယ်ဒေါ်ဆန် အခိုင်အမာပြောကြား

လန်ဒန် နိုဝင်ဘာ ၁၄

စပါးအသင်းသည် ၎င်းတို့၏ အိမ်ကွင်း၌ ကာလင်းဖလားပွဲစဉ်တွင် လီဗာပူးအသင်းအား လေးဂိုး-နှစ်ဂိုးဖြင့်အနိုင်ရရှိပြီးနောက် နည်းပြဟာရီရက်နက်၏ လက်အောက်တွင် ၎င်းတို့အနေဖြင့် ၎င်းတို့၏ ကာလင်းဖလားသရဖူကို ကာကွယ်နိုင်စွမ်းရှိကြောင်း စပါးကစားသမား မိုက်ကယ်ဒေါ်ဆန်က ပြောကြားလိုက်သည်။

စပါးကစားသမား မိုက်ကယ်ဒေါ်ဆန်။

ထိန်းထားခဲ့ရ

စပါးအသင်းသည် ဟာရီရက်နက်အား နည်းပြအဖြစ် တာဝန်မပေးမီ လွန်ခဲ့သော သီတင်းပတ်သုံးပတ်မတိုင်မီက တန်းဆင်းဇုန်သို့ မရောက်အောင် မနည်းထိန်းထားခဲ့ရသည်။ သို့သော်လည်း ငါးပွဲနိုင်ပြီး တစ်ပွဲသရေ ရလဒ်ရှိခဲ့မှုကြောင့် အခြေအနေ ပြန်လည်ကောင်းမွန်လာခဲ့သည်။

ဖွင့်ဟပြောကြား

မိမိတို့အနေဖြင့် ကာလင်းသရဖူကို ကာကွယ်နိုင်ကြောင်း၊ ယုံကြည်မှုကိုလည်း တည်ဆောက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ပြီးခဲ့သည့်နှစ်က မိမိတို့အနေဖြင့် ဝင်ဘလေတွင် ထူးဆန်းအံ့သြဖွယ် စွမ်းဆောင်နိုင်ခဲ့ပြီး အောင်မြင်မှုအထွတ်အထိပ်ကို ဆောင်ကြဉ်းနိုင်ခဲ့ကြောင်း၊ ယင်းအစဉ်အလာကို မိမိတို့အနေဖြင့် ဆက်လက်ထိန်းသိမ်းလိုကြောင်း၊ မိမိတို့သည် အရည်အသွေးညံ့သော ကစားသမားများ မဖြစ်လာနိုင်ကြောင်း၊ နည်းပြဟာရီရက်နက်က မိမိတို့အတွက် ယုံကြည်မှုကို ပြန်လည်ဆောင်ကြဉ်းပေးခဲ့ကြောင်း စပါးအသင်း၏ ဗဟိုခံစစ်မှူးနှင့် အသင်းခေါင်းဆောင်ဖြစ်သူ မိုက်ကယ်ဒေါ်ဆန်က ဖွင့်ဟပြောကြားခဲ့သည်။

ဆန္ဒရှိရန်လို

အောင်မြင်လိုသူအနေဖြင့် အောင်မြင်လိုသည့် ဆန္ဒရှိရန်လိုကြောင်း၊ မိမိသည် ကစားပွဲတိုင်းတွင် အနိုင်ရစေရန် ကစားသမားများအား အောင်စိတ်သွင်းပေးထားကြောင်း စပါးနည်းပြ ဟာရီရက်နက်က ထုတ်ဖော်ပြောကြားခဲ့သည်။ **(အင်တာနက်)**

ကြက်ငှက်တုပ်ကွေးကြောင့် လူမှုစီးပွားအကျိုးသက်ရောက်မှု ဆန်းစစ်လေ့လာချက် သုတေသနလုပ်ငန်း အလုပ်ရုံဆွေးနွေး

မန္တလေး နိုဝင်ဘာ ၁၂

ကျေးလက်ကြက်မွေးမြူသူများအပေါ် ကြက်ငှက်တုပ်ကွေးရောဂါကြောင့် လူမှုစီးပွားအကျိုးသက်ရောက်မှု ဆန်းစစ်လေ့လာချက် သုတေသနလုပ်ငန်းနှင့်ပတ်သက်၍ မြန်မာ **JDR**သုတေသနလုပ်ငန်းအဖွဲ့မှ သုတေသနအချက်အလက်များနှင့် တွေ့ရှိချက်များကို အထက်မြန်မာပြည် ဌာနဆိုင်ရာများနှင့် မွေးမြူရေးဆိုင်ရာ လုပ်ငန်းရှင်များသို့ တင်ပြဆွေးနွေးသည့် အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၃၁ရက် နံနက် ၈နာရီခွဲက မန္တလေးမြို့ **Mandalay Hill Resort Hotel** ၌ ကျင်းပရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန် တက်ရောက်အမှာစကားပြောကြားသည်။ **(ဝဲပုံ)**

ပူးပေါင်းဆောင်ရွက်

ရှေးဦးစွာ မြို့တော်ဝန်က အဖွင့်အမှာစကားပြောကြားပြီး ကြက်ငှက်တုပ်ကွေး ရောဂါစီမံကိန်းများဆိုင်ရာ အမျိုးသားစီမံကိန်း ဒါရိုက်တာဒေါက်တာသန်းထွန်းက မြန်မာနိုင်ငံအတွင်း ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခြင်း၊ ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

တင်ပြဆွေးနွေး

ထို့နောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဝါဝါဟန်က တက်ရောက်လာကြသူများအား မြန်မာ **JDR**သုတေသနလုပ်ငန်းအဖွဲ့နှင့် မိတ်ဆက်ပေးပြီး သုတေသနပညာရှင်များဖြစ်သည့် ဒေါ်နန်းဆွဲလောင်အင်း (စိုက်ပျိုးရေး)က သုတေသနလုပ်ငန်းအစီအစဉ်နှင့် ဆောင်ရွက်ခဲ့ပုံ နည်းလမ်းများကိုလည်းကောင်း၊ ဒေါက်တာအိသန္တာကျော်က သုတေသနလုပ်ငန်း တွေ့ရှိချက်များကို လည်းကောင်း တင်ပြဆွေးနွေးကြသည်။

အကြံပြု

ဆက်လက်၍ သုတေသနလုပ်ငန်းအဖွဲ့၏ တွေ့ရှိဆွေးနွေးချက်များအပေါ် တက်ရောက်လာကြသူများက ဖြည့်စွက်ဆွေးနွေးအကြံပြုကြသည်။ (၁၁၃)

ကော့ကရိတ်မြို့၌ လမ်းပေါက်များပြင်ဆင်

ကော့ကရိတ် နိုဝင်ဘာ ၂

ကရင်ပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးအဖွဲ့က ကော့ကရိတ်မြို့ ဝဲကရင်နှင့်ကျားကလေးကျေးရွာကြားတွင် လမ်းကြိတ်စက်၊ မြေထိုးစက်များ အသုံးပြု၍ လမ်းပေါက်များကျောက်ဖြည့်ခြင်း၊ သဲခင်းပြင်ဆင်ခြင်းလုပ်ငန်းများကို စက်တင်ဘာလကုန်ပိုင်းက စတင်ဆောင်ရွက်လျက်ရှိသည်။ (၀၀၇)

ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ငွေးပင်ကြီးကျေးရွာအုပ်စု ငွေးပင်ကြီးကျေးရွာစက်ရေတွင်း ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းကို အောက်တိုဘာ ၂၃ရက်က အငယ်တန်းအင်ဂျင်နီယာ - ၂ (စက်မှု) ဦး သိန်း ညွှန့် ဟန် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မိုင်းဆတ်မြို့နယ် ဥက္ကဋ္ဌဖလား အသက်(၂၁)နှစ်အောက် ဘောလုံးပြိုင်ပွဲဖွင့်

မိုင်းဆတ် နိုဝင်ဘာ ၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ၂၀၀၈ခုနှစ် မိုင်းဆတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား အသက်(၂၁)နှစ်အောက် (လူသစ်တန်း) ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ၁၈ရက် ညနေ၃နာရီခွဲက မိုင်းဆတ်မြို့ အောင်ဇေယျ ဘက်စုံအားကစားကွင်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်ညွှန့် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲတွင် မြို့နယ်ဥက္ကဋ္ဌ ဦးတင်ညွှန့်က ကွင်းလယ်သို့ ဘောလုံးကိုကန်၍ ကွင်းဖွင့်ပေးပြီး ပထမဦးဆုံးပွဲစဉ်အဖြစ် ဆိုက်ခေါင်ကျေးရွာအသင်းနှင့် မိန်းနိုင်ကျေးရွာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဆိုက်ခေါင်ကျေးရွာအသင်းက သုံးဂိုး-တစ်ဂိုး ဖြင့် အနိုင်ရရှိသွားကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ညောင်ဦးမြို့နယ် သဲတွင်းကျေးရွာတွင် ခြောက်လက်မအချင်း စက်ရေတွင်း တွင်းနက် ၆၇၆ပေကို စက်တင်ဘာ ၁ရက်က စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(အင်ဂျင်နီယာ) ဦးသိန်းလွင်၊ အမှုဆောင်အရာရှိ ဦးမောင်မောင်ဝင်းနှင့် အင်ဂျင်နီယာမှူးဦးဝင်းညွှန့်တို့က ကြီးကြပ်တူးဖော်ပေးခဲ့ပြီး ရွာသူရွာသားများ ပျော်ရွှင်စွာ ရေရယူသုံးစွဲကြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်မှုနှင့် ဆံကေသာအလှပြိုင်ပွဲ ဆုချီးမြှင့်

ကျောင်းကုန်း နိုဝင်ဘာ ၈

မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော ရပ်ကွက်နှင့်ကျေးရွာအုပ်စု မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှု၊ ဆံကေသာအလှပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို အောက်တိုဘာ ၁၇ရက် ည၇နာရီက ကျောင်းကုန်းမြို့နယ် မြို့မ မိုးလုံလေလုံအားကစားရုံခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၆၃အုပ်စုမှ ဆံကေသာအလှပြိုင်ပွဲဝင် ၂၅ဦးနှင့် ဝတ်စားဆင်ယင်မှုပြိုင်ပွဲဝင် ၃၆ဦးတို့ယှဉ်ပြိုင်ရာ မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့်နှစ်သိမ့်ဆုရရှိသူများအား မြို့နယ်ဥက္ကဋ္ဌဦးဉာဏ်လှိုင်က ဆုချီးမြှင့်ပြီး ဆံကေသာအလှပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများအား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဇင်ဝင်းတို့က ဆုများချီးမြှင့်ပေးသည်။ **(၁၅၄)**

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း တာချီလိတ်၌ဖွင့်လှစ်

တာချီလိတ် နိုဝင်ဘာ ၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အခြေခံစာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း အမှတ်စဉ် (၁/၂၀၀၈)ဖွင့်ပွဲကို အောက်တိုဘာ ၉ရက် နံနက် ၉နာရီက ခရိုင်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းမြင့်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဦးစီးအရာရှိ ဦးမောင်ကြည်က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးရာ ဒုတိယဦးစီးမှူး ဦးလှဌေးနှင့် ရပ်သံကျွမ်းကျင်(၃) ဦးမြသိန်းတို့က စာကြည့်တိုက်ပညာဘာသာရပ်များကို ပို့ချသည်။

(ခရိုင် ပြန်/ဆက်)

ရပ်စောက်မြို့ ရန်အောင်လမ်းအား ကျောက်လမ်းမှ ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ရန် ကျောက်စုဆောင်းထားရှိမှုကို အောက်တိုဘာ ၃ရက်က အမှုဆောင်အရာရှိ ဦးသစ်ထူးမြင့်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးတင်ဝင်းမောင်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကျောက်မဲမြို့နယ် မိခင်နှင့်ကလေးအသင်း ရပ်ရွာပညာပဒေသာ သင်တန်းဖွင့်

ကျောက်မဲ နိုဝင်ဘာ ၁၀

ကျောက်မဲမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ပညာရေးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော ရပ်ရွာပညာပဒေသာဌာန(CLC)ဆင့်ပွားသင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၁ရက်က ကျောက်မဲမြို့ မေတ္တာမွန်ခန်းမ၌ကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်နန်းဆိုင်ဟွမ်က အဖွင့်အမှာစကားပြောကြားပြီး လက်ထောက်ပညာရေးမှူး ဦးဆန်းဝင်းနှင့် ဆရာမကြီးများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များက ရပ်ရွာပညာပဒေသာဌာန အကောင်အထည်ဖော်မှု၊ စဉ်ဆက်ပညာရေးသင်ရိုးပုံစံ၊ လုပ်ငန်းစီမံခန့်ခွဲမှုနှင့်ဝင်ငွေတိုးလုပ်ငန်းများကို ဟောပြောဆွေးနွေးပို့ချကြကြောင်း သိရသည်။ **(မိခင်/ကလေးအသင်း)**

ကံမမြို့နယ် ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ကံမ နိုဝင်ဘာ ၁၀

၂၀၀၈ခုနှစ် မကွေးတိုင်း သရက်ခရိုင် ကံမမြို့နယ် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်/ ကျေးရွာအုပ်စု ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၂၅ရက် ညနေ ၃နာရီက မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲအဖြစ် ကဒူးပြင်ကျေးရွာအသင်းနှင့် ထုံးကြီးကျေးရွာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကဒူးပြင်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။ ပြိုင်ပွဲအပြီး ဆုပေးပွဲကျင်းပရာ နေရာအလိုက် အကောင်းဆုံးဆုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ချီးမြှင့်ပေးပြီး ဒုတိယဆုရရှိသည့် ထုံးကြီးကျေးရွာအသင်းအား မြို့နယ်အတွင်းရေးမှူး ဦးဇော်မိုးလွင်နှင့် ပထမဆုရ ကဒူးပြင်ကျေးရွာအသင်းအား မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းတို့က ဆုပေးအပ်ချီးမြှင့်ခဲ့သည်။ **(အပေါ်ပုံ)** **(၄၈၉)**

အင်းစိန် စက်မှုသိပ္ပံ ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၄

အင်းစိန် စက်မှုသိပ္ပံ (လျှပ်စစ်ဓာတ်အားပေးရေး အင်ဂျင်နီယာဌာန)မှ ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် တက္ကသိုလ်ရိပ်သာလမ်းရှိ တက္ကသိုလ်များဓမ္မာရုံ၌ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေထည့်ဝင်လိုသူများသည် ဦးမောင်မောင်အေး ဖုန်း-၀၉-၅၁-၂၆၆၆၅၊ ဦးလှသိန်း ဖုန်း-၀၉-၅၁-၈၂၉၇၅၊ ဦးခင်မောင်မြင့် ဖုန်း-၀၉-၅၁-၃၀၅၁၄ နှင့် ဦးတင်မောင်လွင် ဖုန်း-၀၉-၅၀-၅၀၄၉၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဖျာပုံမြို့ အမှတ်(၁၇)ရပ်ကွက် ကန်တော်ကြီးသောက်ရေကန် သန့်ရှင်းသာယာရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများစုပေါင်း၍ နိုဝင်ဘာ ၂ရက်က ကန်တော်ကြီးအဝင်လမ်းနှင့် ရေပေးရေးစက်ရုံ ပတ်ဝန်းကျင် သန့်ရှင်းရေးဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးမြင့်မောင်နှင့် အင်ဂျင်နီယာမှူး ဦးလှမျိုးတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (၁၃၇)

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ(ခြေကျင်သွားလာသူ) များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိ ရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်းမပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ အနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြထိန်းသိမ်းမှု မရှိသောနေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၁-A)၊ မြေကွက်အမှတ်-(၁-ခ)၊ အကျယ်အဝန်းဧရိယာ (အရှေ့ဘက် ပေ ၁၂၀၊ အနောက်ဘက် ၈၅ ပေ၊ တောင်ဘက် ပေ ၅၀၊ အနောက်မြောက်ဘက် ၄၅ ပေ၊ မြောက်ဘက် ၂၇ ပေနှင့် အရှေ့တောင်ပူးတွဲပါ ပေ ၃၀ X ပေ ၃၀) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၂၁၄-ည၊ မစိုးရိမ်ကျောင်းလမ်း (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား (၁)ဦးခင်မောင်မြင့် ၁၂/တမန(နိုင်)၀၂၁၃၇၈၊ (၂) ဦးနေဝင်းနိုင် ၁၂/ဗတထ(နိုင်)၀၃၁၆၂၈တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြေညာချက်ပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်နှင်းဝေဝေစိမ့် LL.B, D.I.L.
အထက်တန်းရှေ့နေ
အာရှမြေ အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီလီမိတက်
အမှတ် ၁၈၊ အောင်ဆန်းကွင်းအရှေ့ဘက်တန်း၊
အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၉၄၁၅၇၊ ၃၉၄၁၆၀။

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

မင်္ဂလာညှော်ခံပွဲနှင့် မင်္ဂလာဦးဆွမ်းကျွေးပွဲကျေးဇူးတင်လွှာ

တနင်္သာရီတိုင်း၊ ကော့သောင်းမြို့နေ ဦးစိုးလွင် [ခရိုင်ဦးစီးအရာရှိ (ထွေ/အုပ်)]-
ဒေါ်ခင်ပြုံးမြင့် (သားဖွားဆရာမ၊ ငြိမ်း) တို့၏သားထွေး
မိုလ်ပြည့်ဝင်းစိုး B.Sc (Maths), D.S.A
နှင့်
ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ တောင်နီကျေးရွာနေ
ဦးလှရှိန်-ဒေါ်ခင်မေတို့၏ သမီးထွေး
မအိအိဖြူ B.Sc (Maths)
အမက တိုင်းဇဟို

တို့၏၂-၁၁-၂၀၀၈ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပပြုလုပ်သည့် မင်္ဂလာညှော်ခံပွဲသို့ ကိုယ်တိုင်မလာရောက် နိုင်သော်လည်း မင်္ဂလာလက်ဆောင်ချီးမြှင့်ပေးသော ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး ဦးမောင်မောင်ဝင်းနှင့် ဇနီးဒေါ်တင်တင်အုန်းတို့အားလည်းကောင်း၊ မင်္ဂလာပန်းကုံးနှင့် လက်ထပ်လက်စွပ်ချီးမြှင့်ပေးသော ဒုတိယဗိုလ်မှူးကြီး ရဲရင့်သွေးနှင့်ဇနီးဒေါ်ခင်မိုးမိုးသန်း တို့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိ လူကြီးများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ အဘက်ဘက်မှကိုယ်ရောစိတ်ပါ ဝိုင်းဝန်းကူညီပေးကြသော မိတ်ဆွေများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မိုလ်ပြည့်ဝင်းစိုး-မအိအိဖြူ။



တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး သန်လျင် အထက(၁)တွင် ဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၁၄

တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးဆွေးနွေးပွဲကို နိုဝင်ဘာ ၃ရက် နံနက် ၉နာရီက သန်လျင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားခန်းမ၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

ရှေးဦးစွာ မိဘဆရာအသင်း ကျောင်းအကျိုးတော်ဆောင်အဖွဲ့ နာယက ဦးတင်ဝင်း**(အပေါ်ပုံ)**နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးကြွယ်တို့က အမှာစကားပြောကြားပြီး ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အထက(၁) သန်လျင်မှ ဂုဏ်ထူးရှင်ကျောင်းသား ကျောင်းသူများက မိမိတို့လေ့လာသင်ယူခဲ့သည့် နည်းစနစ်များ၊ ကျက်မှတ်ပုံ၊ ဖြေဆိုပုံနှင့် အတွေ့အကြုံများကိုလည်းကောင်း၊ ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများက အောင်ချက်မြင့်မားရေးအတွက် ကျောင်းသား ကျောင်းသူများ ကြိုးစား သင်ယူရမည့် နည်းစနစ်များကို အသေးစိတ် ရှင်းလင်းဆွေးနွေးကြသည်။

ဆောင်ရွက်

ယင်းနောက် ၂၀၀၈-၂၀၀၉ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား သင်ကြားတတ်မြောက်မှုအခြေအနေများကို ဘာသာရပ်ဆိုင်ရာဆရာ ဆရာမများနှင့် ဂုဏ်ထူးရှင်ကျောင်းသား ကျောင်းသူများ အပြန်အလှန်ဆွေးနွေးပြီး သန်လျင် အထက(၁) မိဘဆရာအသင်း ကျောင်းအကျိုးတော်ဆောင်အဖွဲ့က လိုအပ်ချက်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အထက(၄)တောင်ဥက္ကလာပ အာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၁၄

တောင်ဥက္ကလာပမြို့နယ်အထက(၄) ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၅ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီမှ ၁၂ နာရီ အထိ အထက(၄)ပတ္တမြားခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲသို့ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် လှူဒါန်းလိုပါက ဦးအေးကို (ကျောင်းအုပ်ကြီး) ဖုန်း-၅၆၅၁၂၁၊ ဒေါ်ခင်ဝေကြည် (ထ/၄)၊ ဒေါ်ခင်ဋ္ဌေးမြင့် ဖုန်း-၅၆၄၆၈၆၊ ဦးကြည်လှိုင်(ခ)ကိုဆန်း ဖုန်း-၅၇၁၈၄၀၊ဦးအောင်စိုး ဖုန်း-၅၇၀၁၉၀၊ ဒေါ်အေးအေးဆင့် ဖုန်း-၅၆၁၈၀၀၊ ကိုစိုးသန့်ဇင် ဖုန်း-၅၆၃၀၃၃နှင့် ကိုဝဏ္ဏစိုး ဖုန်း-၀၉-၅၁-၈၄၉၇၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချိုနှင့် အဖွဲ့ အောက်တိုဘာ ၁၆ရက်က ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း စီမံချက်ပါအတိုင်း မီးဖိုသုံးစွဲမှုမရှိစေရေးနှင့် မီးငြိမ်းသတ်ရေးတို့အတွက် မီးသတ်စက်များ ဆောင်ရွက်ထားရှိမှုနှင့် ဈေးမီးသတ်တပ်ဖွဲ့များ ဖွဲ့စည်းထားမှုတို့ကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစောရွှေက ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ဇင် နိုဝင်ဘာ ၁၂ ရက်က လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်းလမ်းများ ကောင်းမွန်စေရေးအတွက် ဘူတာလမ်းကတ္တရာ ထပ်ပိုးလွှာခင်းမှုကို ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (သတင်းစဉ်)

မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ သင်တန်းဖွင့်

ရွှေဘို နိုဝင်ဘာ ၉

ရွှေဘိုမြို့ ပြည်သူ့ဆေးရုံ၌ နိုဝင်ဘာ ၃ရက် နံနက် ၉ နာရီက မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပြည်သူလူထုအတွင်း ပညာပေးခြင်းနှင့် အမူအကျင့်ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက်ခြင်းစီမံချက် (RH/BCC) မြို့နယ်အဆင့် ဆင့်ပွား ဆရာဖြစ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး၊ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဦးကျော်ရှိန်တက်ရောက်၍ အမှာစကားပြောကြားရာ သင်တန်းသို့ မြို့ပေါ် ၁၀ ရပ်ကွက်နှင့် ကျေးရွာငါးရွာမှ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်သည်။

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်မြင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

(ခရိုင် ပြန်/ဆက်)

လင်းခေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုင်းရန်နိုင်ဦး အောက်တိုဘာ ၂၀ ရက်က မြို့အဝင်ဆိုင်းဘုတ်နှင့် ပန်းအလှပင်များ မြေယာရှင်း ပြုပြင်မှုကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးလွင်သက်ပိုင်က ရှင်းလင်းတင်ပြစဉ်။
(ခရိုင် ပြန်/ဆက်)

ဆယ်အိမ်စုမှူး ဆင့်ပွားသင်တန်း ကျိုက်ထိုမြို့နယ်၌ ဖွင့်လှစ်

ကျိုက်ထို နိုဝင်ဘာ ၄

ကျိုက်ထိုမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော ဆယ်အိမ်စုမှူးသင်တန်းဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၉ ရက် နံနက်၈နာရီက မြို့နယ်ရုံးခန်းမ၌ ကျင်းပရာ သထုံခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီလွင်က အဖွင့်အမှာစကားပြောကြားပြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာ ဖုန်းနိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်မြတ်က သင်တန်းသူများအား စာအုပ်နှင့် ဘောပင်ပေးအပ်ရာ သင်တန်းသူတစ်ဦးက လက်ခံယူကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများမီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ကြပ်မတ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၂ ရက်က မြို့မဈေး၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို မကွေးမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအကျိုးဆောင်များမှ ပူးပေါင်းလေ့ကျင့် ဆောင်ရွက်ခဲ့ရာ ဒုတိယဦးစီးမှူး(ဈေး)ဦးကျော်ဌေးဦးက ကြပ်မတ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

BIMSTEC ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်

နေပြည်တော် နိုဝင်ဘာ ၁၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ကျင်းပသည့် ဒုတိယ အကြိမ် ကဏ္ဍစုံ နည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဘင်္ဂလားပင်လယ်အော် ဦးဆောင်ဦးရွက်ပြုမှု အစီအစဉ် (BIMSTEC) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် ယနေ့နံနက် ၁၁ နာရီတွင် အထူးလေယာဉ်ဖြင့် အိန္ဒိယသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ *စာမျက်နှာ ၁၁ ကော်လံ ၁* ●

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ကျင်းပသည့် ဒုတိယ အကြိမ် ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဘင်္ဂလားပင်လယ်အော် ဦးဆောင်ဦးရွက်ပြုမှု အစီအစဉ် (BIMSTEC) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး အိန္ဒိယသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကဏ္ဍတွင် ဘင်းမ်စတက်အဖွဲ့အတွင်း ဦးဆောင်နိုင်ငံဖြစ် ဦးဆောင်နိုင်ငံဖြစ်သည်နှင့်အညီ တိုးတက်မှုများရရှိလာရေး ပိုမိုကြိုးပမ်းအားထုတ်သွားမည်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးဖွင့်ပွဲ၌ မိန့်ခွန်းပြောကြား

နေပြည်တော် နိုဝင်ဘာ ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုဝင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ Hotel Taj Palace ၌ ကျင်းပသည့် ဒုတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ *စာမျက်နှာ ၇ ကော်လံ ၁* ■

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ Hotel Taj Palace ၌ ကျင်းပသည့် ဒုတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်စဉ်။ (သတင်းစဉ်)